# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ **ကောဓဝဂ်(ဓမ္မပဒ -၂၂၃)**


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 20 November 2024 ၁၁၆၄၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## မိမိတို့နိုင်ငံအတွက်လိုအပ်သည့် လျှပ်စစ်ဓာတ်အားနှင့် စိုက်ပျိုးရေမျာရရှိရေးအတွက် မြစ်ချောင်းများကို အကျိုးရှိစွာအသုံးပြုရမည်

## မိုးနည်းသည့်ဒေသများတွင် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်စီမံကိန်းများကို အကောင်အထည်ဖော်ခြင်းဖြင့် စိုက်ပျိုးရေလုံလောက်စွာရရှိနိုင်

နေပြည်တော်  နိုဝင်ဘာ  ၁၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

**ယနေ့ ဖတ်စရာ**

**အမျိုးသားအောင်ပွဲနေ့တွင် သန္နိဋ္ဌာန်တည် အစဉ်နိုးကြား ထက်သန်နေရမည့် အမျိုးသားရေးစိတ်ဓာတ်**

ဆောင်းပါး စာမျက်နှာ » ၆

**၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့် အသင်းလိုက်အားကစားနည်းများအတွက် ပွဲစဉ်ဇယားမဲနှိုက်ခြင်းအခမ်းအနား ကျင်းပ**

စာမျက်နှာ » ၉

**ကလေးသူငယ်များ၏ အခြေခံအခွင့်အရေးများအားလုံး တန်းတူညီမျှရရှိခံစားနိုင်ရန်နှင့် အနာဂတ်ဘဝ သာယာလှပစေရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်**

စာမျက်နှာ » ၁၂

ကြေးမုံ

# သယံဇာတရတနာများပေါများကြွယ်ဝ နိုင်ငံ့စီးပွားရေးမြှင့်တင်ဖော်ဆောင်နိုင်

မြန်မာနိုင်ငံသည် သယံဇာတပစ္စည်းများ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သဘာဝသယံဇာတပစ္စည်းများ အလျှံပယ် ထွက်ရှိလျက်ရှိသည်။ မြန်မာနိုင်ငံသည် မြောက်ဘက်တောင်ကုန်းဒေသ၊ အရှေ့ဘက် တောင်ကုန်းနှင့် ကုန်းပြင်မြင့်များ၊ တနင်္သာရီတောင်တန်းဒေသတို့သည် သက်ရင့်ကျောက်များဖြင့် တည်ဆောက်ဖွဲ့စည်းထားသောကြောင့် ထိုဒေသများ၌ ကျောက်နီ၊ ခဲ၊ သွပ်၊ ရွှေ၊ ငွေ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း စသည့် တွင်းထွက်ရတနာမျိုးစုံထွက်ရှိသည်။

မြေပေါ်မြေအောက်သယံဇာတများ ပေါများကြွယ်ဝသောကြောင့်လည်း တစ်ချိန်သောကာလက ကိုလိုနီနိုင်ငံကြီးများက မြန်မာနိုင်ငံကို မျက်စိကျကာ ကျူးကျော်သိမ်းပိုက်ခြင်းခံခဲ့ရသည်။ မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် မြေပေါ်မြေအောက် တွင်းထွက်သယံဇာတပစ္စည်းအမြောက်အမြားများကို ထုတ်ယူသိမ်းပိုက်သယ်ဆောင်သွားခဲ့သည်။ ကိုလိုနီနယ်ချဲ့တို့ နှစ်ပေါင်းတစ်ရာကျော် သိမ်းပိုက်ခဲ့သည့်ကာလအတွင်း မြန်မာနိုင်ငံမှ သယံဇာတရတနာပစ္စည်းများစွာ ဆုံးရှုံးခဲ့ရသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် မြန်မာနိုင်ငံမှထွက်ရှိသော သယံဇာတရတနာပစ္စည်းများကို မြန်မာနိုင်ငံက ပိုင်ဆိုင်ပြီး မြန်မာနိုင်ငံသားများက လုပ်ကိုင်ခွင့်ရလာခဲ့သည်။

မြန်မာနိုင်ငံမှထွက်ရှိသော သယံဇာတပစ္စည်းများကို တရားဝင်လုပ်ကိုင်ခွင့် ရလာကြသလို တရားမဝင်ခိုးထုတ်မှုများလည်း ရှိလာခဲ့သည်။ ထို့နောက် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိစေရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးအမြတ်ဖြစ်ထွန်းမှုများရရှိစေရန်အတွက် တူးဖော်ထုတ်လုပ်ထားသော ကျောက်မျက်ရတနာများကို တရားဝင်ရောင်းချနိုင်မည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှစတင်၍ နိုင်ငံတော်အစိုးရအဆက်ဆက်လက်ထက်များတွင် ကျင်းပပေးလျက်ရှိရာ ယနေ့ထက်တိုင်အောင် ပြပွဲကျင်းပရောင်းချပေးလျက်ရှိသဖြင့် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ များစွာရရှိလျက်ရှိသည်။

မြန်မာ့ကျောက်မျက်ရတနာများကို ပြပွဲခင်းကျင်းပြသခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းလုပ်ငန်းများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံမှထွက်ရှိသော ကျောက်မျက်ရတနာများနှင့် စပ်လျဉ်း၍ နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာဈေးကွက်ရာနှုန်းပြည့်ဖြစ်ထွန်းပြီး ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကျောက်မျက်ရတနာများထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်းလုပ်ငန်းများကို နိုင်ငံသားကုမ္ပဏီများနှင့် သမဝါယမအသင်းများကို လွတ်လပ်စွာလုပ်ကိုင်ခွင့်ပြုရန်၊ အချိန်အခါမရွေး လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားနိုင်ရေးအတွက် ကျောက်မျက်ရတနာဈေးများ ဖွင့်လှစ်ထားရှိရန်၊ ကျောက်မျက်ရတနာရိုင်းများကို ဆင့်တက်ပြုပြင်၍ တန်ဖိုးမြင့်ထုတ်ကုန် အချောထည်နှင့် လက်ဝတ်ရတနာများထုတ်လုပ်ပြီး ဈေးကွက်ပိုမိုဖြစ်ထွန်းစေရန် ဆောင်ရွက်လျက်ရှိသည်။

ကျောက်မျက်ရတနာနှင့် ကျောက်စိမ်းတူးဖော်ထုတ်လုပ်သည့်လုပ်ငန်းကို အစောပိုင်းက နိုင်ငံတော်ကသာ ပြုလုပ်ခဲ့ရာမှ ၁၉၉၅ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေပြဋ္ဌာန်းပြီး နိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်အသင်းအဖွဲ့များအား တူးဖော်လုပ်ကိုင်ခွင့် ခွင့်ပြုပေးခဲ့သည်။ မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး အဖိုးတန်ကျောက်မျက်များ၊ ကျောက်စိမ်းများ၊ ပုလဲများနှင့် အချောထည်များကို နှစ်စဉ်ပြပွဲများ၊ နှစ်လယ်ပြပွဲများ၊ အထူးပြပွဲများကျင်းပ၍ ရောင်းချခဲ့ရာ ၁၉၉၈ ခုနှစ်အထိ အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၀၀ ကျော်ရရှိခဲ့သည်။ ကျောက်မျက်ရတနာများရောင်းချရငွေ၏ လေးပုံတစ်ပုံကို ပုလဲများရောင်းချခြင်းမှ ရရှိခဲ့သည်။ မြန်မာနိုင်ငံရှိ မိုးကုတ်ရတနာမြေ၊ ပင်လုံရတနာမြေ၊ နဝရတ်ရတနာမြေ၊ မိုင်းရှူးရတနာမြေ၊ ဖားကန့်ကျောက်စိမ်းလုပ်ကွက်များမှာ ထင်ရှားသည်။

ယခုအခါ ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၁၈ ရက်နေ့မှ ၂၇ ရက်နေ့အထိ နေပြည်တော်တွင် ခင်းကျင်းပြသရောင်းချလျက်ရှိရာ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပေးခဲ့သည်။ ယခုပြပွဲတွင် ပုလဲအတွဲပေါင်း ၂၈၀၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၄၈၀၀ တို့ကို ပြည်တွင်း ပြည်ပ ရတနာကုန်သည်တို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်၊ ထိုင်းဘတ်၊ မြန်မာကျပ်ငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေအမျိုးအစားများဖြင့် သတ်မှတ်စည်းကမ်းများနှင့်အညီ ရောင်းချပေးလျက်ရှိသည်။

သို့ဖြစ်ရာ ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတင်ကျင်းပနေပြီဖြစ်ရာ ဖွင့်ပွဲနေ့တွင် ပြည်တွင်း ပြည်ပမှ ကျောက်မျက်ရတနာလုပ်ငန်းရှင် ၄၅၀၀ ကျော် လာရောက်လေ့လာကြည့်ရှု ဝယ်ယူနေကြပြီဖြစ်၍ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရေးနှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ တိုးတက်ရရှိမည်ဟု ယုံကြည်ပါကြောင်း။ ။

(၂၃)ကြိမ်မြောက်

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်

မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၀၊ ၂၁၊ ၂၂)ရက် နေပြည်တော်

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန မုံရွာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာသန်းသန်းဝင်း ကို ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## သွားလာရေးနှင့်လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၆)ခုတို့မှ ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူများအား ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာခေါ်ယူကြောင်း ကြေညာချက်

၁။ နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၆)ခု(နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ)တို့မှ ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကို သိပ္ပံဘာသာတွဲဖြင့်အောင်မြင်ပြီး (၆)ဘာသာစုစုပေါင်းရမှတ် (၄၅၀)နှင့်အထက်ရရှိသူများအနက် အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ဇီဝဗေဒ(၃)ဘာသာစုစုပေါင်းရမှတ် (အများ/အနည်း)ပေါ်မူတည်၍ သတ်မှတ်ချက်များနှင့်ကိုက်ညီသူများကို လူတွေ့နှုတ်မေးစာမေးပွဲစစ်ဆေးပြီး ဆေးတက္ကသိုလ်ဝင်ခွင့်အတွက် ရွေးချယ်ခေါ်ယူသွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ဝေးလံခက်ခဲဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ စာစစ်ဌာနများမှအောင်မြင်ပြီး သတ်မှတ်ချက်များနှင့်ပြည့်စုံ၍ ရမှတ်အကျုံးဝင်သူများသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၁၁၂၃၉ နှင့် E-mail dhrhundergraduate@ gmail.com တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန
(၁၉-၁၁-၂၀၂၄)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၉ - ၁၁ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၅၀၀ | ၆၄၈ | ၅,၅၀၈,၀၀၀ |
| MTSH | ၃,၂၅၀ | ၃,၂၅၀ | ၆၀၀ | ၁,၉၅၀,၀၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၄၃ | ၃၆၁,၂၀၀ |
| FPB | ၁,၉၀၀ | ၁,၉၀၀ | ၅,၀၀၆ | ၉,၅၁၁,၄၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၇ | ၁၉,၉၅၀ |
| EFR | ၁,၇၀၀ | ၁,၇၅၀ | ၅၅၀ | ၉၃၇,၅၀၀ |
| AMATA | ၄,၄၀၀ | ၄,၄၀၀ | ၁၆၉ | ၇၄၃,၆၀၀ |
| MAEX | ၃,၂၅၀ | ၃,၂၅၀ | ၁,၀၀၀ | ၃,၂၅၀,၀၀၀ |
| MADPL(PLB) | ၃၅,၀၀၀ | ၃၅,၀၀၀ | ၂၁ | ၇၃၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်နိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

✻ **ရွှေဖုံးမှ**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် သွားရောက်ခဲ့မှုနှင့် အောင်မြင်သည့် ဆွေးနွေးမှုရလဒ်များရရှိခဲ့မှု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မကြာသေးမီက မိမိဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ကူမင်းမြို့၌ ကျင်းပသည့် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရိုအဖွဲ့ဝင်၊ ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူး Mr. Yuan Jiajun နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူး H.E. Mr. Wang Ning နှင့်တွေ့ဆုံဆွေးနွေးခြင်း၊ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်လာကြသည့် နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ကူမင်းမြို့၊ ချုံချင့်မြို့နှင့် ရှန်းကျန့်မြို့တို့ရှိ အထင်ကရနေရာများ၊ တက္ကသိုလ်များနှင့် စက်ရုံ၊ အလုပ်ရုံများသို့ လေ့လာခြင်း စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြုသဘောဆောင်သည့်စီးပွားရေးဆိုင်ရာဆွေးနွေးမှုရလဒ်များ ပေါ်ထွက်လာအောင် ဖော်ဆောင်နိုင်ခဲ့ကြောင်း၊ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံတော်အတွက် အပြုသဘောဆောင်နိုင်ခဲ့သော အောင်မြင်သည့် ခရီးစဉ်တစ်ခုဖြစ်ခဲ့ကြောင်း။

ခရီးစဉ်အတွင်း **GMS အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့် သီးခြားစီတွေ့ဆုံ** ဆွေးနွေးမှုများဆောင်ရွက်စဉ် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေ၊ မြန်မာနိုင်ငံဆောင်ရွက်နေသည့်အခြေအနေ၊ နိုင်ငံအလိုက် နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေ၊ နိုင်ငံတကာမျက်နှာစာများတွင် မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး မိတ်ဆွေနိုင်ငံများမှ ထောက်ခံအားပေးမှုအခြေအနေနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang အနေဖြင့် GMS အစည်းအဝေးတက်ရောက်သည့် ဝန်ကြီးချုပ်များအနက် မြန်မာဝန်ကြီးချုပ်နှင့်သာ သီးခြားတွေ့ဆုံမှု ပြုလုပ်ခဲ့သည်ကိုတွေ့ရကြောင်း၊ သီးခြားတွေ့ဆုံဆွေးနွေးစဉ် မိမိအနေဖြင့် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပြောကြားခဲ့ကြောင်း၊ ထိုသို့ဆွေးနွေးစဉ် တရုတ်နိုင်ငံဝန်ကြီးချုပ်၏ ဆွေးနွေးချက်များမှ အဓိကကျသည့် ဆွေးနွေးချက်များမှာ **မြန်မာနိုင်ငံအစိုးရ၏ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက်**

❖ **ရွေးကောက်ပွဲနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို နိုင်ငံ့လူဦးရေ၏ ၆၃ ရာခိုင်နှုန်းကျော် ကောက်ယူနိုင်ခဲ့**

❖ **လွှတ်တော်အတွင်း တိုင်းရင်းသားများနှင့် လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ ကျယ်ပြန့်စွာပါဝင်လာရေး အချိုးကျကိုယ်စားပြုစနစ် (PR)ကို တိုင်းဒေသကြီး၊ ပြည်နယ်နှင့် အမျိုးသားလွှတ်တော်တွင် ဖော်ဆောင်နိုင်ရေး ဆောင်ရွက်နေ**

**ဆောင်ရွက်ချက်များကို တရုတ်နိုင်ငံဘက်က အစဉ်အမြဲ ထောက်ခံအားပေးနေကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရွေ့လုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ တရုတ်နိုင်ငံအနေဖြင့် တက်တက်ကြွကြွထောက်ခံအားပေးပြီး** မြန်မာနိုင်ငံ၏ နိုင်ငံရေးတည်ငြိမ်မှုရှိစေရန်နှင့် နိုင်ငံရေးအသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်များကို ဆက်လက်တွန်းအားပေး ဆောင်ရွက်နေမှုကိုလည်း ထောက်ခံအားပေးပါကြောင်း၊ **တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုတို့ကို ထပ်လောင်းအတည်ပြုပါ**ကြောင်း၊ **မြန်မာနိုင်ငံအစိုးရ၏ တရုတ် - မြန်မာ နယ်စပ်ဒေသကုန်သွယ်ရေးဂိတ်များနှင့် ပတ်သက်ပြီး စီမံခန့်ခွဲအုပ်ချုပ်မှုများကို တရုတ်နိုင်ငံအနေဖြင့် အားပေးပါ**ကြောင်း၊ **တရုတ်ဘက်အနေဖြင့် မြန်မာနိုင်ငံနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် အတူတကွ ဖွံ့ဖြိုးတိုးတက်မှုရရှိလိုပါ**ကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုနှင့် မိမိတို့အစိုးရ၏ ဆောင်ရွက်ချက်များအပေါ် ပြတ်ပြတ်သားသား ရပ်တည်သည့် ပြောကြားချက်များပင် ဖြစ်ကြောင်း။

ရွေးကောက်ပွဲနှင့်ပတ်သက်၍ လိုအပ်သည့် ကူညီမှုများ ထောက်ပံ့ပေးမည့်အခြေအနေနှင့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုနှင့် ပတ်သက်၍ ကူညီမှုများဆောင်ရွက်ပေးမည့်အခြေအနေနှင့်ပတ်သက်၍လည်း ပြောကြားခဲ့ကြောင်း။

မိမိအနေဖြင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး H.E. Mr. Wang Ning နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရိုအဖွဲ့ဝင်၊ ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူး Mr. Yuan Jiajun တို့နှင့်လည်း တွေ့ဆုံဆွေးနွေးမှုဆောင်ရွက်ခဲ့ပြီး ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေကို ပြောကြားခဲ့ကြောင်း၊ အပြုသဘောဆောင်သော ကောင်းမွန်သည့်ဆွေးနွေးမှုများကို တွေ့ရှိခဲ့ရကြောင်း၊ မြန်မာနိုင်ငံနှင့်ပတ်သက်၍ အထူးအလေးထားသော ပြောဆိုဆက်ဆံမှု၊ ဆွေးနွေးမှုများကို ထင်ရှားစွာတွေ့ရှိခဲ့ရကြောင်း။

GMS အစည်းအဝေးသို့ တက်ရောက်လာသည့် အရှေ့တောင်အာရှနိုင်ငံလေးနိုင်ငံမှ ဝန်ကြီးချုပ်များနှင့် သီးခြားစီတွေ့ဆုံဆွေးနွေးချိန်တွင်လည်း မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့မှုအခြေအနေ၊ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုအခြေအနေနှင့် ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲဖြစ်စေရေး နိုင်ငံတကာမှ လေ့လာအကဲခတ်ရေးကိုယ်စားလှယ်အဖွဲ့များကို ဖိတ်ခေါ်ဆောင်ရွက်သွားမည့်အခြေအနေကိုရှင်းလင်းပြောကြားခဲ့ရာ နိုင်ငံများအလိုက် ထောက်ခံသည့် ဆွေးနွေးချက်များကို ပြန်လည်ပြောကြားခဲ့ကြကြောင်း၊ တရုတ်နိုင်ငံခရီးစဉ်အတွင်း တရုတ်-မြန်မာ စီးပွားရေးပူးပေါင်းမှု အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေး ပညာတော်သင်များ ပိုမိုစေလွှတ်နိုင်ရေး ဆွေးနွေးနိုင်ခဲ့သဖြင့် အောင်မြင်သည့် ခရီးစဉ်တစ်ခုပင်ဖြစ်ကြောင်း။

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ ကတိကဝတ်များအတိုင်း အတတ်နိုင်ဆုံးထိန်းသိမ်းဆောင်ရွက်**

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရွေ့လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)သည် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမှအသိသက်သေများ၊ ပြည်တွင်းအသိသက်သေများ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုလွှတ်တော်က Union Accord အဖြစ် အတည်ပြုပေးထားသည့် သမိုင်းဝင်စာချုပ်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် NCA သဘောတူစာချုပ်အတိုင်း အတတ်နိုင်ဆုံးရအောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လာမည့်လွှတ်တော်ကာလတွင်လည်း အချို့ကိစ္စရပ်များကို လွှတ်တော်၌ ဆက်လက်ဆွေးနွေးရန်အတွက် EAO များ၊ နိုင်ငံရေးပါတီများနှင့် သဘောတူဆွေးနွေးချက်များ ရရှိပြီးဖြစ်ကြောင်း။

**လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်**

ရွေးကောက်ပွဲနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို နိုင်ငံ့လူဦးရေ၏ ၆၃ ရာခိုင်နှုန်းကျော် ကောက်ယူနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း ကောက်ယူရန်ကျန်ရှိနေသည့်နေရာများ၌ အတတ်နိုင်ဆုံး၊ အနီးစပ်ဆုံးအထိ ရရှိအောင် ဆက်လက်ကောက်ယူလျက်ရှိကြောင်း၊ ယခုနှစ်ကုန်ပိုင်းတွင် အပြီးသတ်ကောက်ယူနိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ **ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပါတီများ မှတ်ပုံတင်ခြင်းများကို ဥပဒေနှင့်အညီ ခွင့်ပြုပေးထားပြီးဖြစ်**ကြောင်း၊ **ဒေသနှင့် တိုင်းရင်းသားအကျိုးကို တရားဥပဒေနှင့်အညီ တောင်းဆိုဆွေးနွေးနိုင်ရေးအတွက် တိုင်းရင်းသားကိုယ်စားလှယ်များအနေဖြင့် နိုင်ငံရေးစင်မြင့်တွင် ပိုမိုပါဝင်လာနိုင်ရန် လိုအပ်**ကြောင်း၊ လွှတ်တော်အတွင်း တိုင်းရင်းသားများနှင့် လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ ကျယ်ပြန့်စွာပါဝင်လာရေး အချိုးကျကိုယ်စားပြုစနစ် (PR)ကို တိုင်းဒေသကြီး၊ ပြည်နယ်နှင့် အမျိုးသားလွှတ်တော်တွင် ဖော်ဆောင်နိုင်ရေး ဆောင်ရွက်နေကြောင်း။

ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံအတွက် အင်မတန်အကျည်းတန်အရုပ်ဆိုးသည့် မဲမသမာမှုဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၌

**စာမျက်နှာ ၄ သို့** ✻

❖ **၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်အောင် ပြုလုပ်သူများသည် ၎င်းတို့၏ သက်ဆိုင်ရာ ရွေးကောက်ခံမဲဆန္ဒနယ်တစ်ခုတည်း တွင်သာမကဘဲ ဒေသတစ်ခုလုံးတွင် အနိုင်ရရှိအောင် မဲမသမာမှုများကို ပြုလုပ်ခဲ့ကြခြင်းဖြစ်**

❖ **ဦးဆောင်ပြုလုပ်သူများသည် ၎င်းတို့သက်ဆိုင်ရာ မဲဆန္ဒနယ်များတွင် သာမက တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်တစ်ခုလုံးအတိုင်းအတာ အထိ မဲမသမာမှုများကို ပြုလုပ်ခဲ့သဖြင့် ရွေးကောက်ပွဲမသမာမှု ကျူးလွန်မှုသည် အတိမ်အနက်ကြီးမား**

✻ စာမျက်နှာ ၃ မှ

ပါလီမန်ဒီမိုကရေစီခေတ်တွင်လည်း ရွေးကောက်ပွဲများ ပြုလုပ်ခဲ့ကြောင်း၊ ထိုအချိန်တွင် မဲမသမာမှုများရှိခဲ့သော်လည်း မဲဆန္ဒနယ် အနည်းအကျဉ်းသာ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ **၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်အောင်ပြုလုပ်သူများသည် ၎င်းတို့၏ သက်ဆိုင်ရာရွေးကောက်ခံမဲဆန္ဒနယ်တစ်ခုတည်းတွင်သာမကဘဲ ဒေသတစ်ခုလုံးတွင် အနိုင်ရရှိအောင် မဲမသမာမှုများကို ပြုလုပ်ခဲ့ကြခြင်းဖြစ်**ကြောင်း၊ မဲမသမာမှုများကို ပြန်လည်စိစစ်ခဲ့ချိန်တွင် မဲစာရင်းအချိုးအရ ပဲခူးတိုင်းဒေသကြီး၌ မဲစာရင်းမှားယွင်းမှု အများဆုံးဖြစ်ကြောင်း၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း မဲမသမာမှုများကို စိစစ်တွေ့ရှိခဲ့ရကြောင်း၊ **ဦးဆောင်ပြုလုပ်သူများသည် ၎င်းတို့ သက်ဆိုင်ရာမဲဆန္ဒနယ်များတွင်သာမက တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်တစ်ခုလုံးအတိုင်းအတာအထိ မဲမသမာမှုများကို ပြုလုပ်ခဲ့သဖြင့် ရွေးကောက်ပွဲမသမာမှုကျူးလွန်မှုသည် အတိမ်အနက် ကြီးမား**ကြောင်း၊ ထို့ကြောင့် ကျူးလွန်ခဲ့သည့် ပါတီအား ရွေးကောက်ပွဲဥပဒေအရ ထိထိရောက်ရောက် အရေးယူဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ **အဆိုပါ ရွေးကောက်ပွဲမဲမသမာမှုများတွင် တာဝန်ရှိသူများသည် NLD ပါတီမှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်(CEC) များဖြစ်**ကြောင်း၊ **ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်(CEC)များသည် ပါတီကို ကိုယ်စားပြုသူများဖြစ်**ကြောင်း၊ **တစ်ဦးတစ်ယောက်တည်း ကျူးလွန်ခြင်းမဟုတ်ဘဲ အဖွဲ့လိုက်လုပ်ဆောင်ခြင်းဖြစ်သဖြင့် အလားတူဖြစ်စဉ်မျိုးမဖြစ်ပွားအောင် ဆောင်ရွက်ရမည်ဖြစ်**ကြောင်း။

လာမည့်ရွေးကောက်ပွဲတွင် မဲစာရင်းများ မှားယွင်းမှုမရှိစေရေး၊ မဲစာရင်းများ မှန်ကန်မှုရှိစေရေး အဓိကဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကောင်စီဝင်များအနေဖြင့် မဲစာရင်းများ မှန်ကန်မှုရှိစေရေး တာဝန်ခွဲဝေ၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ **လာမည့်ရွေးကောက်ပွဲတွင် Myanmar Electronic Voting Machine စနစ်ဖြင့် ဆောင်ရွက်သွားမည်**ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင်လည်း အဆိုပါမဲပေးစနစ်ကိုအသုံးပြုလျက်ရှိပြီး မဲစာရင်းမှန်ကန်စေရန်အတွက် အထောက်အကူပြုသည့် စနစ်တစ်ခုဖြစ်ကြောင်း၊ ရွေးကောက်ပွဲအား လုံခြုံရေးအရ အပိုင်းလိုက် ခွဲခြား၍လည်း ပြုလုပ်နိုင်ကြောင်း။

**သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခဲ့သည့် ဒေသများတွင် ပြန်လည် ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေး**

ပြီးခဲ့သည့် စက်တင်ဘာလအတွင်းဖြစ်ပေါ်ခဲ့သည့် ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားခဲ့သည့်မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ကိုးခုရှိ မြို့နယ်များတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီး မိမိတို့နိုင်ငံ၏သမိုင်းတွင် ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးမှုတွင် အဆိုးရွားဆုံးဖြစ်ကြောင်း၊ သဘာဝဘေးကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်သေဆုံး ပျက်စီးမှုများအတွက် မိမိတို့အနေဖြင့် ထိုက်သင့်သည့် ထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

**အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ ရှေ့သို့မရောက်နိုင်ဖြစ်နေ**

သဘာဝဘေးအန္တရာယ်ကြောင့် မဟုတ်ဘဲ လူတို့၏လုပ်ဆောင်မှုများကြောင့် နိုင်ငံတော်အတွင်း လမ်း၊ တံတားများ၊ စာသင်ကျောင်းများနှင့် **အဆောက်အအုံများ ကြီးမားစွာ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုရှိ**ကြောင်း၊ **အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု အဆောက်အအုံများ၊ လမ်း၊ တံတားများကို ဆင်ခြင်တုံတရားမဲ့စွာ မိုက်လုံးကြီးစွာဖြင့် ဖျက်ဆီးလျက်ရှိ**ကြောင်း၊ **၎င်းတို့ ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးခဲ့ရသည်များကို ပြန်လည်ပြုပြင်တည်ဆောက်ခြင်းများ ဆောင်ရွက်နေရသဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ ရှေ့သို့မရောက်နိုင်ဖြစ်နေ**ရကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် သုံးစွဲရမည့် ငွေကြေးများကို ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် သုံးစွဲကုန်ကျနေခြင်းသည် နိုင်ငံတော်အတွက် ထိခိုက်နစ်နာစေခြင်းပင်ဖြစ်ကြောင်း။

ထိုကဲ့သို့ **အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေကြခြင်းသည် ပြည်ပမှ သွေးထိုးမြှောက်ပင့်ပေးမှုများနှင့် အသိပညာ၊ အတတ်ပညာအားနည်းခြင်း၊ ဝေဖန်ပိုင်းခြားနိုင်မှု အားနည်းခြင်းများကြောင့်ပင်ဖြစ်**ကြောင်း၊ **ပညာရေးအရ အားနည်းသည့် ဒေသများ၌ အကြမ်းဖက်မှုများ၊ ဒုစရိုက်မှုများ ပိုမိုဖြစ်ပေါ်နေသည်ကို တွေ့မြင်ရမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် **အနာဂတ်တွင်ဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသည့်နိုင်ငံတော်ကိုပုံဖော်ပေးနိုင်ရေး ပညာရေးကို အားပေးဆောင်ရွက်နေခြင်းဖြစ်**ကြောင်း၊ **အတန်းပညာရှိမှသာ အတတ်ပညာများ ရရှိမည်ဖြစ်ပြီး စဉ်းစားတွေးခေါ်မှုများ ရရှိမည်ဖြစ်**ကြောင်း။

**နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ အားပေးဆောင်ရွက်**

မိမိတို့အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး စီးပွားရေးအားကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများတိုးတက်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ **စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် အချက် ၃ ချက်ဖြစ်သည့် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး၊ သီးထပ်စွမ်းအား မြှင့်တင်ရေး၊ စိုက်ဧက တိုးချဲ့ရေးကို အလေးထား ကြိုးပမ်းဆောင်ရွက်သွားရမည်**ဖြစ်ကြောင်း။

**စိုက်ပျိုးရေလုံလောက်စွာရရှိရေး မြစ်ချောင်းများကို အကျိုးရှိစွာအသုံးချရန်လို**

**စိုက်ပျိုးရေးတွင် ရေသည် မရှိမဖြစ်လိုအပ်**သဖြင့် ရေအရင်းအမြစ်များရရှိရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကောင်စီဝင်များအနေဖြင့် ရောက်ရှိသည့်ဒေသများတွင် နည်းလမ်းများရှာဖွေ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေအသုံးချရာတွင် မိုးကောင်းသောက်၊ ဆည်ရေ၊ မြစ်ရေတင်၊ မြေအောက်ရေ စသည်ဖြင့် သုံးစွဲကြကြောင်း၊ ဆည်ရေသောက်စိုက်ပျိုးရေးအတွက် ဆည်များ တည်ဆောက်ရန်လိုနေသေးကြောင်း၊ **ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့အား စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်သွားမည်ဆိုပါက စိုက်ပျိုးရေများကို များစွာရရှိမည်**ဖြစ်ကြောင်း၊ မြစ်ဘေးတစ်လျှောက်တွင် စိုက်ပျိုးမြေများစွာရှိကြောင်း၊ မြစ်ကြောင်းများ ထိန်းသိမ်းခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြစ်ကြောင်းများတစ်လျှောက် အရေးကြီးသည့်နေရာများတွင် Low Head Dam များ တည်ဆောက်၍ စိုက်ပျိုးရေများရရှိအောင် ဆောင်ရွက်နိုင်ကြောင်း၊ မြစ်ကြောင်းများ ထိန်းသိမ်းခြင်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ကြောင်း၊ **မိမိတို့နိုင်ငံအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားနှင့် စိုက်ပျိုးရေများ ရရှိစေရေးအတွက် မြစ်ချောင်းများကိုအကျိုးရှိစွာအသုံးပြုရမည်ဖြစ်**ကြောင်း၊ **မိုးနည်းသည့်ဒေသများတွင် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေများ လုံလောက်စွာ ရရှိနိုင်**ကြောင်း။

ရေအရင်းအမြစ်များကို မှန်မှန်ကန်ကန်အကျိုးရှိရှိ အသုံးချနိုင်ရေး ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ရေနှင့် ဆက်စပ်ပြီး စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင် ဖော်ဆောင်ပေးရန်လိုကြောင်း၊ မြို့ပြဧရိယာများ၌ သုံးမိုင်ပတ်လည်အကွာအဝေးအတွင်း၌ Green Zone များ ဖော်ဆောင်ပေးထားရန်လိုကြောင်း၊ အိမ်ခြံဝင်းများ၊ လမ်းဘေးဝဲယာများ၌ သစ်ပင်များစိုက်ပျိုးစေရေး ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရ တာဝန်ထမ်းဆောင်ချိန်အတွင်း Green Zone များကို ဖော်ဆောင်ပေးသွားရမည်ဖြစ်ကြောင်း၊ မကြာမီကာလအတွင်း ပွင့်လင်းရာသီသို့ ရောက်ရှိတော့မည်ဖြစ်သဖြင့် စိုက်ပျိုးထားသည့် သစ်ပင်များ ဆက်လက်ရှင်သန်ဖြစ်ထွန်းစေရေး ဆောင်ရွက်ကြရန်လိုကြောင်း။

**MSME လုပ်ငန်းများကိုဆောင်ရွက်ရာတွင် စက်မှုကုန်ထုတ်လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ရန်လို**

ကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်စေရေးအတွက် MSME လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ၅၀ ရာခိုင်နှုန်းခန့်သည် စားသောက်ကုန် ထုတ်လုပ်သည့် လုပ်ငန်းများဖြစ်သည်ကို တွေ့ရကြောင်း၊ စက်မှုကုန်ထုတ်လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ စက်ရုံအကြီးများ ဆောင်ရွက်ရန်မဆိုလိုဘဲ စက်ယန္တရား အနည်းငယ်ဖြင့် ဆောင်ရွက်၍လည်းရကြောင်း၊ ပြည်တွင်းလိုအပ်ချက်ရှိသည့် အထည်အလိပ်လုပ်ငန်း၊ အီလက်ထရောနစ် ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ၊ သံနှင့်သံမဏိလုပ်ငန်းကိုလည်း အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ ဒေသအလိုက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းတို့ဖြင့် ဒေသ၏လူသားအရင်းအမြစ်များကို ထိန်းသိမ်းဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ကောင်စီဝင်များအနေဖြင့်လည်း မိမိတို့ တာဝန်ယူထားရသည့် ဒေသများအလိုက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အားပေးဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

ကောင်စီအဖွဲ့ဝင်များက အသီးသီးဆွေးနွေးတင်ပြ

ယင်းနောက် ကောင်စီဝင်များက လက်ရှိအချိန်တွင် လှိုင်ကော်ဒေသသည် ပြန်လည်တည်ငြိမ်အေးချမ်းနေပြီဖြစ်သဖြင့် လှိုင်ကော်ဒေသမှ ယာယီနေရပ်စွန့်ခွာနေရသူများအနေဖြင့် ၎င်းတို့နေရပ်တွင် ပြန်လည် အခြေချနေထိုင်လိုမှု၊ နိုင်ငံတော်၏ အနာဂတ်ကောင်းကို ပုံဖော်တည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်မှု၊ သက်ဆိုင်ရာဒေသများအလိုက် ခရီးစဉ်များသွားရောက်၍ ဒေသခံပြည်သူလူထုများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး ဆောင်ရွက်သူများနှင့် ထိတွေ့၍ ၎င်းတို့တင်ပြချက်များ၊ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းပေးနိုင်မှုနှင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့မှု၊ လက်နက်ကိုင် အကြမ်းဖက်အဖွဲ့များအနေဖြင့် ဒေသနှင့်နိုင်ငံတော်အတွက် အကျိုးမရှိသည့် လက်နက်ကိုင် အကြမ်းဖက်သည့် လမ်းစဉ်ကိုစွန့်လွှတ်ကာ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိလာစေရေး ဆွေးနွေးအဖြေရှာ ဆောင်ရွက်ကြရန်လိုအပ်မှု၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဒေသများ၌ စားရေးအတွက် အခက်အခဲမရှိအောင် နိုင်ငံတော်မှဆောင်ရွက်ပေးနိုင်ခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိမှုတို့နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် တည်ငြိမ်အေးချမ်းရေးနှင့်ပတ်သက်၍ **နိုင်ငံတစ်ခု၊ ဒေသတစ်ခု၌ ပဋိပက္ခကိုဖြစ်ပေါ်လာအောင်ဖန်တီးသည်မှာ ၎င်းဒေသနှင့်နိုင်ငံတို့တွင် နေထိုင်ကြသူများပင်ဖြစ်ပြီး တည်ငြိမ်အေးချမ်းရေးကို မလိုလားသူများ၏ သွေးဆောင်မြှောက်ပင့်မှုများကြောင့်လည်းဖြစ်**ကြောင်း၊ **အလားတူ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက်လည်း ၎င်းဒေသတွင် နေထိုင်သူများကပင် လုပ်ဆောင်ကြခြင်းဖြစ်**ကြောင်း၊ ထို့ကြောင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံများ၏လုံခြုံရေးကို ဖျက်ဆီးနေသည့် ဒေသတွင်းနေထိုင်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ဆောင်မှုများ လျော့ပါးစေရေးအတွက် ကောင်စီဝင်များအနေဖြင့်လည်း ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ဝိုင်းဝန်းတားဆီးဆောင်ရွက်ပေးကြစေလိုကြောင်း။

ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့်ပတ်သက်ပြီး ရှေ့လုပ်ငန်းစဉ် (၅) ရပ်နောက်ဆုံးအချက်၌ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် တတ်နိုင်သမျှကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်တစ်ရပ်ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေကြခြင်းသည် ပြည်ပမှ သွေးထိုးမြှောက်ပင့်ပေးမှုများနှင့် အသိပညာ၊ အတတ်ပညာအားနည်းခြင်း၊ ဝေဖန်ပိုင်းခြားနိုင်မှု အားနည်းခြင်းများကြောင့်ပင်ဖြစ်ကြောင်း၊ ပညာရေးအရ အားနည်းသည့် ဒေသများ၌ အကြမ်းဖက်မှုများ၊ ဒုစရိုက်မှုများ ပိုမိုဖြစ်ပေါ်နေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသည့် နိုင်ငံတော်ကို ပုံဖော်ပေးနိုင်ရေး ပညာရေးကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အတန်းပညာရှိမှသာ အတတ်ပညာများရရှိမည်ဖြစ်ပြီး စဉ်းစားတွေးခေါ်မှုများရရှိမည်**

## ၂၀၂၄ ခုနှစ်၊ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်ရေး။

★ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာပြည့်ဝသော ပညာတတ်များ ပေါ်များရေး။

★ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီ ပံ့ပိုးရေး။

★ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး။

## ၂၀၂၄ ခုနှစ်၊ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တစ်မျိုးသားလုံးညီညွတ်စို့။

၁၃၈၆ ခုနှစ်၊
တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၂၅-၁၁-၂၀၂၄)



နိုဝင်ဘာ ၁၉ ရက်တွင် ကျင်းပသည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းရေကန်များအား တူးဖော်ကန်ဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လှူဒါန်းထားသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲအခမ်းအနား၌ ရေကန်တစ်ကန်တူးဖော်ခြင်းအတွက် ငွေကျပ် ၈၁၃၅၀၀၀ နှင့် တိပိဋကကျမ်းစာအုပ်များ ပြန်လည်ရိုက်နှိပ်ရေးအတွက် ငွေကျပ်သိန်း ၁၀၀၀ စုစုပေါင်းလှူဒါန်း ငွေကျပ် ၁၀၈၁၃၅၀၀၀ အား မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ အဂ္ဂမဟာ မင်္ဂလဓမ္မဇောတိကဓဇ ဒေါက်တာစိုးသိန်း (ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) နာယက၊ ရွှေခနအောင်ကုမ္ပဏီ)နှင့် ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်းတို့က သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် ဒုတိယဝန်ကြီး ဒေါ်နုမြဖိတို့ထံ အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ သတင်းစဉ်

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင် ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

နေပြည်တော် နိုဝင်ဘာ ၁၉

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပ ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ/ဘဏ္ဍာဌာနခွဲ)** နေပြည်တော် ဖုန်း-၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇- ၃၄၀၈၄၁၈၊ **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ** ဖုန်း-၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ** ဖုန်း-၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ** ဖုန်း-၀၉-၂၀၀၁၉၀၆၊ ၀၆၁- ၂၄၆၀၂၆၉ တို့သို့လည်းကောင်း၊ **KBZ Bank NYAUNG OO BRANCH Account No- 06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။ **သတင်းစဉ်**


## မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့တို့ ဖွံ့ဖြိုးတိုးတက်ရေး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့်လမ်းများအား ကွင်းဆင်းစစ်ဆေး

မြစ်ကြီးနား နိုဝင်ဘာ ၁၉

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့ပြများ သန့်ရှင်းသာယာလှပပြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ဘဏ္ဍာနှစ်အလိုက် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေနှင့် ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်တို့သည် နိုဝင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့တို့၏ မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် ပြည်နယ်ဝန်ကြီးများသည် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကျော်လင်း၊ အရာထမ်း/အမှုထမ်းများ၊ တာဝန်ရှိသူများနှင့် ဝိုင်းမော်မြို့သို့ သွားရောက်ခဲ့ကြပြီး အများပြည်သူတင်ပြချက်အရ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တင်ပြတောင်းခံဆောင်ရွက်သွားမည့် ဝိုင်းမော်မြို့ အမှတ်(၄)အတွင်းရှိ မလိခလမ်း အရှည်ပေ ၂၉၀ အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခင်းကျင်းဆောင်ရွက်ပေးနိုင်ရေး၊ အမှတ်(၅)ရပ်ကွက်အတွင်းရှိ လမ်းသွယ် ၁၈ နှင့် လမ်းသွယ် ၂၀ ကြားလမ်း အရှည် ၅၅၂ ပေအား ကွန်ကရစ်လမ်းသစ်ခင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေးနှင့် အမှတ် (၃)ရပ်ကွက် ယုဇနလမ်း အရှည်ပေ ၅၃၀ အား အမာခံကျောက်ချောလမ်းခင်းကျင်းပေးနိုင်ရေး ကွင်းဆင်းစစ်ဆေးခဲ့ကြပြီး လမ်းလုပ်ငန်းများအား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လမ်းနယ်သတ်မှတ်၍ သတ်မှတ်အကျယ်အဝန်းပြည့်မီအောင် ဆောင်ရွက်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြသည်။

ထို့နောက် မြစ်ကြီးနားမြို့သို့ ပြန်လည်ရောက်ရှိပြီး ပြည်နယ်ဝန်ကြီးများသည် မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်အတွင်းရှိ ဓမ္မပါလဘုန်းကြီးကျောင်း ရွာလယ်လမ်းမကြီးအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြပြီး အောင်နန်းရပ်ကွက် အောင်သုတလမ်း အရှည်ပေ ၉၅၀ အား အဆင့်မြှင့်တင်ခင်းကျင်းဆောင်ရွက်ပေးနိုင်ရေး၊ ခေမာသီရိရပ်ကွက် လမ်းသွယ်(၁၃)နှင့် အနော်ရထာလမ်းသွားဆက်စပ်လမ်းအား လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းဆောင်ရွက်သွားမည့်အစီအစဉ်များနှင့် ရွှေပြည်သာ(ရွှေအိုက်)ရပ်ကွက်အတွင်းရှိ စိမ်းလန်းမြေသွားလမ်း (ရေမြောင်းဘေးလမ်း) ကွန်ကရစ်လမ်းသစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေးခဲ့ကြပြီး လမ်းလုပ်ငန်းများကို စနစ်တကျကွင်းဆင်းတိုင်းတာစစ်ဆေး၍ ပြန်လည်တင်ပြနိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**





## မင်းဘူးမြို့၌ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြော

မင်းဘူး နိုဝင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ကျင်းပသည့် မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့မွန်းလွဲ ၁ နာရီခွဲက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် မင်းဘူးမြို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျက တောမီးလောင်ကျွမ်းမှုနှင့် ဖြစ်ပေါ်စေသောအကြောင်းအရာများကိုလည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်ခိုင်ချစ်ဆုဝေက မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း ပရိုဂျက်တာများဖြင့် ရှင်းလင်းဟောပြောပြီး တောမီးနှင့် အခြားမီးလောင်ကျွမ်းမှု၊ မီးခိုးမြူငွေ့လျှော့ချရေးနည်းလမ်းများနှင့်ပတ်သက်သည့် အသိပညာပေးလက်ကမ်းစာစောင်များကို ဝေငှပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

အမျိုးသားအောင်ပွဲနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# အမျိုးသားအောင်ပွဲနေ့တွင် သန္ဓေတည် အစဉ်နိုးကြားထက်သန်နေရမည့် အမျိုးသားရေးစိတ်ဓာတ်

ကိုရေချမ်း

မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်၊ ခရစ်နှစ် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့။ ထိုနေ့တွင် ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ် ကျောင်းသားတို့သည် အင်္ဂလိပ်ဗျူရိုကရက်တို့က မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့အတွက် ပြဋ္ဌာန်းလိုက်သော ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် သပိတ်မှောက်သောနေ့ဖြစ်သည်။ တစ်နည်းဆိုသော် မြန်မာ့သမိုင်းတွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားများက နယ်ချဲ့ဗြိတိသျှအစိုးရကို ပထမဆုံးဆန့်ကျင်တိုက်ပွဲဝင်သောနေ့ဖြစ်သည်။

တက္ကသိုလ်ကျောင်းသားများ သပိတ်မှောက်ပြီး ခုနစ်ရက်အတွင်း မြန်မာတစ်နိုင်ငံလုံးရှိ ကျောင်းသားများလည်း သပိတ်မှောက်ကြသည်။ အကြောင်းပြချက်မှာ တက္ကသိုလ်ကျောင်းသားများ၏ ကိုယ်ကျိုးအတွက် လုံးဝမပါဘဲ နောင်လာမည့် ကျောင်းသားလူငယ်များအတွက်ဖြစ်သောကြောင့် ပါဝင်လာကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်းလုံး အုန်းအုန်းကျွက်ကျွက်မျှ ပါဝင်လာသဖြင့် မြန်မာ့ပညာရေးသမိုင်းတွင် ပထမအကြိမ်မှတ်တမ်းတင်ရသည့် လှုပ်ရှားမှုကြီးဖြစ်သည်။ ကောလိပ်ကျောင်းသားများက စတင်သပိတ်မှောက်ခဲ့သည့် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့ကို မြန်မာတစ်နိုင်ငံလုံးက အမျိုးသားနေ့ဟု အသိအမှတ်ပြုပြီး ၁၉၂၂ ခုနှစ်မှစ၍ ထိုနေ့တွင် နှစ်စဉ်နှစ်တိုင်း အမျိုးသားအောင်ပွဲသဘင်များ ကျင်းပလာခဲ့သည်။



မြန်မာပြည်အရပ်ရပ်တွင် အမျိုးသားကျောင်းများပေါ်ပေါက်ခဲ့ရာ အမျိုးသားကျောင်းများ၏အစ ရန်ကုန်မြို့ မြို့မကျောင်း မှတ်တမ်းဓာတ်ပုံကို တွေ့ရစဉ်။

## အမျိုးသားစိတ်ဓာတ်

အမျိုးသားပညာရေး လှုပ်ရှားမှုကြီး စတင်ပေါ်ပေါက်လာရန် အကြောင်းတရားများတွင် ထိုစဉ်က ကောလိပ်ကျောင်းသားများသည် မြန်မာ့နိုင်ငံရေးတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်း မရှိသော်လည်း မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ အရေးကိစ္စများကို စိတ်ဝင်တစားလေ့လာခြင်း၊ အချို့ကောလိပ်ကျောင်းသားတို့သည် တက္ကသိုလ်တွင် နိုင်ငံရေးသိပ္ပံ သင်ကြားပေးခြင်းမရှိသော်လည်း နိုင်ငံရေးအတွေးအခေါ် နိုင်ငံရေးသိပ္ပံပညာ (Political Science)၊ ဗြိတိသျှတို့၏ လစ်ဘရယ်ဝါဒ (Liberalism) တို့ကို လေ့လာလိုက်စားခြင်း၊ ထိုစဉ်ကထုတ်ဝေသော သတင်းစာများက ကျောင်းသားတို့၏ အမြင်ကိုကျယ်စေခြင်း၊ ဖိနပ်ပြဿနာနှင့် ပြဿနာအချို့တွင် ကိုလိုနီအစိုးရ၏ နိုင်ထက်စီးနင်းလုပ်ရပ်များကို သိရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံတွင် အမျိုးသားစိတ်ဓာတ် (Nationalism) သည် ဒီရေအလား တိုးပွားလာခဲ့သည်။

တက္ကသိုလ်သပိတ် ပေါ်ပေါက်လာသောကြောင့် ဗြိတိသျှအစိုးရက မူလက ပေးရန် မရည်ရွယ်ခဲ့သော ဒိုင်အာခီအုပ်ချုပ်ရေးကို ပေးခဲ့ရသည်။ နိုင်ငံရေးနိုးကြားလာ၍ မြန်မာတိုင်းရင်းသားတို့သည် ဒိုင်အာခီအုပ်ချုပ်ရေးကို မကျေနပ်ကြဘဲ ဟုမ်းမရူး (Home Rule) ကိုယ်ပိုင်အုပ်ချုပ်ရေးကို တောင်းဆိုလာကြသည်။ အမျိုးသားကောလိပ်နှင့် အမျိုးသားကျောင်းများ ပေါ်ပေါက်လာခဲ့သည်။ အမျိုးသားကျောင်းများတွင် မျိုးချစ်စိတ်ဓာတ်၊ မိမိကိုယ်ကိုအားကိုးလိုသည့် စိတ်ဓာတ်တို့ကို ပျိုးထောင်ပေးခဲ့သည်။ မြန်မာစာပေ၊ မြန်မာ့သမိုင်းနှင့် ဗုဒ္ဓဘာသာသင်ခန်းစာတို့ဖြင့် အမျိုးသားစိတ်ဓာတ်ရှင်သန်လာအောင် စနစ်တကျသင်ကြားပေးခဲ့သည်။ မြန်မာပြည်လွတ်လပ်ရေးရရှိအောင် ဦးဆောင်ခဲ့သည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ရေနံချောင်းအမျိုးသားကျောင်းမှ ၁၀ တန်းအောင်မြင်ခဲ့သူဖြစ်သည်။

## စိတ်ဓာတ်ခွန်အားများ

ဗြိတိသျှနယ်ချဲ့အစိုးရ၏ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည့် ၁၉၂၀ ပြည့်နှစ် ကောလိပ်ကျောင်းသားများ သပိတ်မှ သန္ဓေတည်လာခဲ့သော အမျိုးသားလှုပ်ရှားမှု စိတ်ဓာတ်ခွန်အားများဖြင့် မြန်မာနိုင်ငံ လွတ်လပ်ရေးရသည်အထိ အောင်ပွဲအလီလီရခဲ့သည်။ ကျောင်းသားထုကြီးတစ်ရပ်လုံးတွင်သာမက ပြည်သူလူထုကြီးတစ်ရပ်လုံးတွင်ပါ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ အမျိုးသားရေးစိတ်ဓာတ်များ လှမ်းခြုံရှင်သန်ဖြစ်ထွန်းခဲ့ပြီး တိုင်းတစ်ပါးလက်အောက်မှ လွတ်မြောက်အောင် စွမ်းဆောင်နိုင်ခဲ့သည်။ အမျိုးသားရေးစိတ်ဓာတ်သည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအတွက် အသက်တမျှအရေးပါသည့် စိတ်ဓာတ်ဖြစ်သည်။ အမျိုးသားရေးစိတ်အားကောင်းလာပါက လွတ်လပ်ရေးရရှိအောင် စွမ်းဆောင်နိုင်သလို အမျိုးသားရေးစိတ်ဓာတ်ခေါင်းပါးလာပါက ရရှိပြီး လွတ်လပ်ရေးသည်ပင် ပြန်လည်ဆုံးရှုံးသွားနိုင်သည်ကို သတိချပ်ရမည်ဖြစ်သည်။

အမျိုးသားရေးစိတ်ဓာတ်နှင့်စပ်လျဉ်းပြီး လေးနက်စွာ သိရှိမှတ်သားထားရန် လိုပါသည်။ အမျိုးသားစိတ်ဓာတ်ဟူသည် နိုင်ငံနှင့် လူမျိုးကို ချစ်မြတ်နိုးသည့်စိတ်ဓာတ်၊ တိုင်းပြည်နှင့် လူမျိုးအကျိုးကိုဆောင်ရွက်လိုသောစိတ်ဓာတ်၊ ကာကွယ်စောင့်ရှောက်လိုသော စိတ်ဓာတ်ဖြစ်သည်။ **"အမျိုးသား"** ဟူသည် အရည်အချင်းလေးပါးနှင့် ပြည့်စုံမှသာ အမျိုးသားဟူ၍ ဖြစ်ပေါ်လာရသည်။ အရည်အချင်းတစ်ပါးမှာ **"ပိုင်နက်နယ်မြေ"** ဖြစ်သည်။ ဒုတိယအရည်အချင်းမှာ **"လူ"** သို့မဟုတ် **"ပြည်သူ"** ဖြစ်သည်။ တတိယအရည်အချင်းမှာ **"အချုပ်အခြာအာဏာပိုင်ဆိုင်ခြင်း"** ဖြစ်သည်။ စတုတ္ထအရည်အချင်းမှာ **"ကမ္ဘာ၏ အသိအမှတ်ပြုခြင်းခံရသော တည်တံ့သည့် အုပ်ချုပ်ရေးရှိခြင်း"** ဖြစ်သည်။ အဆိုပါ အရည်အချင်းတစ်ရပ်ရပ် ချို့ယွင်းပါက အမျိုးသားဟူ၍ ဖြစ်မလာပေ။

## တစ်မျိုးသားလုံးနိုးကြား

ကမ္ဘာက အသိအမှတ်ပြုခံထားရသော တည်တံ့သည့် အုပ်ချုပ်ရေးရှိခဲ့သည့် အချုပ်အခြာအာဏာပိုင်ဆိုင်သော နိုင်ငံတော်၏ ပိုင်နက်နယ်မြေအတွင်း တစုတစည်းတည်း စည်းလုံးညီညီ ရှိခဲ့သည့် ပြည်သူလူထုအပေါင်းကို အမျိုးသားဟုဆိုသည်။ တစ်နည်းဆိုသော် နိုင်ငံတစ်ခုအတွင်း ဘိုးစဉ်ဘောင်ဆက် အတူတကွနေထိုင်လာခဲ့ကြသည့် အမျိုးသားများဖြစ်သည်။ နှစ်ပေါင်းထောင်ချီ အခွန့်ရှည်တည်တံ့ခဲ့သည့် မြန်မာအမျိုးသားနိုင်ငံတော်ကြီးကို ကိုလိုနီနယ်ချဲ့တို့က လက်နက်အင်အားကြီးမားစွာဖြင့် ကျူးကျော်သိမ်းပိုက်ခဲ့သဖြင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ဆုံးရှုံးသွားခဲ့သည်။ နယ်ချဲ့လက်အောက်တွင် ခေါင်းမဖော်ဝံ့အောင် ချုပ်ကိုင်ဖိနှိပ် အနိုင်ကျင့်မှုများကို ကောလိပ်ကျောင်းသားများက စတင်ဆန့်ကျင်ခဲ့သည်။ ထိုမှတစ်ဆင့် တစ်နိုင်ငံလုံး တွန်းလှန်လိုသည့် စိတ်ဓာတ်များ နိုးကြားလာခဲ့သည်။ ယင်းသည် တစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ်ဖြစ်သည်။

၁၉၂၂ ခုနှစ်ကစတင်ခဲ့သည့် အမျိုးသားအောင်ပွဲသည် ယခုအခါ နှစ်ပေါင်း ၁၀၀ ကျော် တိုင်ခဲ့ပြီဖြစ်သည်။ ထိုစဉ်က နိုးကြားရှင်သန်ခဲ့သော အမျိုးသားစိတ်ဓာတ်သည် နယ်ချဲ့အစိုးရ၏ မတရားဖိနှိပ်မှုမှလွတ်မြောက်ရန် ကြိုးပမ်းမှုတွင် ပြည်သူလူထုတစ်ရပ်လုံး နိုးကြားတက်ကြွစွာ ပူးပေါင်းပါဝင်လာစေသည့် အမျိုးသားရေးစိတ်ဓာတ် ဖြစ်သည်။ ယင်းအမျိုးသားရေး စိတ်ဓာတ်သည် မြန်မာနိုင်ငံ၏ အကျိုးစီးပွား၊ နိုင်ငံသားတိုင်း၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေးနှင့် ထိန်းသိမ်းရေးအတွက်ဖြစ်သည်။

မျက်မှောက်ကာလတွင်လည်း ထိုသို့ အမျိုးသားရေးစိတ်ဓာတ်များ လိုအပ်နေပါသည်။ ကမ္ဘာပေါ်ရှိ အင်အားကြီးနိုင်ငံများသည် နိုင်ငံငယ်များအပေါ် တိုက်ရိုက်ကျူးကျော်သိမ်းပိုက်ခြင်း မပြုလုပ်ဘဲ သွယ်ဝိုက်ကျူးကျော် စွက်ဖက်သည့်စနစ်ကျင့်သုံးလာကြသည်။ နိုင်ငံငယ်များရှိ လူမျိုးအချင်းချင်း မတူကွဲပြားမှုများအကြား စိတ်ဝမ်းကွဲပြားအောင် သွေးထိုးမြှောက်ပင့်ပေးပြီး နိုင်ငံပြိုကွဲပျက်စီးအောင် ပြုလုပ်လာကြသည်။

## အမျိုးသားရေးအလေးထား

ဂလိုဘယ်လိုက်ဇေးရှင်း ခေတ်ကာလတွင် ခေတ်သစ်ကိုလိုနီနယ်ချဲ့စနစ်ကို ခုခံကာကွယ်နိုင်ရန်အတွက် အမျိုးသားစိတ်ဓာတ်နှင့် ခံယူချက်များ နိုးကြားထက်သန်နေရန်လိုပါသည်။ အမျိုးသားရေးဟုဆိုရာတွင် ရှေးရိုးစွဲအမျိုးသားရေးနှင့် လစ်ဘရယ်ကဲ့သို့ အစွန်းရောက်အမျိုးသားရေးကို မဆိုလိုပါ။ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရမည့် အမျိုးသားစိတ်ဓာတ် ဖြစ်ပါသည်။

စာမျက်နှာ ၇ သို့ ☆

❛ဗြိတိသျှနယ်ချဲ့အစိုးရ၏ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည့် ၁၉၂၀ ပြည့်နှစ် ကောလိပ်ကျောင်းသားများ သပိတ်မှ သန္ဓေတည်လာခဲ့သော အမျိုးသားလှုပ်ရှားမှု စိတ်ဓာတ်ခွန်အားများဖြင့် မြန်မာနိုင်ငံ လွတ်လပ်ရေးရသည်အထိ အောင်ပွဲအလီလီရခဲ့သည်။ ကျောင်းသားထုကြီးတစ်ရပ်လုံးတွင်သာမက ပြည်သူလူထုကြီးတစ်ရပ်လုံးတွင်ပါ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ အမျိုးသားရေးစိတ်ဓာတ်များ လှမ်းခြုံရှင်သန်ဖြစ်ထွန်းခဲ့ပြီး တိုင်းတစ်ပါးလက်အောက်မှ လွတ်မြောက်အောင် စွမ်းဆောင်နိုင်ခဲ့❜

☆ စာမျက်နှာ ၆ မှ

နိုင်ငံများသည် မိမိနိုင်ငံ၏ ကာကွယ်ရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ လူမျိုးရေး၊ စီးပွားရေးတွင် လွှမ်းမိုးမခံရစေရေးနှင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးအတွက် အမျိုးသားရေးကို အလေးထားလာကြသည်။ အမျိုးသားရေးကို မည်သို့ပင်ဆိုစေကာမူ လက်တွေ့တွင် မိမိနိုင်ငံ၏ အကျိုးစီးပွားကိုသာ အလေးထားကြစမြဲဖြစ်သည်။

**❝ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် နယ်ချဲ့စနစ်၏ ဆိုးမွေကြောင့် တိုင်းရင်းသားအချင်းချင်း သွေးကွဲခဲ့သည်။ လက်နက်ကိုင်ပဋိပက္ခများ၊ မတည်ငြိမ်မှုများဖြစ်ပေါ်ခဲ့သည်။ လက်ရှိကာလတွင် နိုင်ငံအတွင်း အမျိုးသားစိတ်ဓာတ် နိုးကြားထက်သန်စေရေးအတွက် အထူးလိုအပ်နေသည့် အရင်းခံအကြောင်းတရားကို အလေးအနက် သုံးသပ်ကြည့်သင့်သည်။ မြန်မာနိုင်ငံသည် ပြည်သူများလိုလားသည့် ဒီမိုကရေစီခရီးလမ်းကို လျှောက်လှမ်းလျက်ရှိသည်။ ဒီမိုကရေစီခရီးလမ်းကို လျှောက်လှမ်းသည့်အခါ ပြည်သူလူထုတစ်ရပ်လုံးသည် ဒီမိုကရေစီအနှစ်သာရများနှင့် ဒီမိုကရေစီယဉ်ကျေးမှုတို့ကို မဖြစ်မနေခံစားနိုင်ရန် လိုအပ်သည်။ ဒီမိုကရေစီယဉ်ကျေးမှုဆိုသည်မှာ လူတစ်ဦးချင်း သို့မဟုတ် အစုအဖွဲ့အလိုက်၏ လိုအင်ဆန္ဒများကို ပဋိပက္ခများ၊ အကြမ်းဖက်မှုများမှ ရှောင်ရှားပြီး ငြိမ်းချမ်းသည့်နည်းဖြင့် ဖော်ဆောင်ခြင်းဖြစ် ❞**

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် နယ်ချဲ့စနစ်၏ ဆိုးမွေကြောင့် တိုင်းရင်းသားအချင်းချင်း သွေးကွဲခဲ့သည်။ လက်နက်ကိုင်ပဋိပက္ခများ၊ မတည်ငြိမ်မှုများဖြစ်ပေါ်ခဲ့သည်။ လက်ရှိကာလတွင် နိုင်ငံအတွင်း အမျိုးသားစိတ်ဓာတ် နိုးကြားထက်သန်စေရေးအတွက် အထူးလိုအပ်နေသည့် အရင်းခံအကြောင်းတရားကို အလေးအနက် သုံးသပ်ကြည့်သင့်သည်။ မြန်မာနိုင်ငံသည် ပြည်သူများလိုလားသည့် ဒီမိုကရေစီခရီးလမ်းကို လျှောက်လှမ်းလျက်ရှိသည်။ ဒီမိုကရေစီခရီးလမ်းကို လျှောက်လှမ်းသည့်အခါ ပြည်သူလူထုတစ်ရပ်လုံးသည် ဒီမိုကရေစီအနှစ်သာရများနှင့် ဒီမိုကရေစီယဉ်ကျေးမှုတို့ကို မဖြစ်မနေခံစားနိုင်ရန် လိုအပ်သည်။ ဒီမိုကရေစီယဉ်ကျေးမှု ဆိုသည်မှာ လူတစ်ဦးချင်း သို့မဟုတ် အစုအဖွဲ့အလိုက်၏ လိုအင်ဆန္ဒများကို ပဋိပက္ခများ၊ အကြမ်းဖက်မှုများမှ ရှောင်ရှားပြီး ငြိမ်းချမ်းသည့်နည်းဖြင့် ဖော်ဆောင်ခြင်းဖြစ်သည်။

### သမိုင်းပေးတာဝန်

သို့သော်ပြီးခဲ့သည့် ဒီမိုကရေစီအစိုးရ ဒုတိယအကြိမ်သက်တမ်းတွင် မြန်မာ့သမိုင်း၌ သင်ခန်းစာယူစရာ ဖြစ်ခဲ့ရသလို တိုင်းတစ်ပါးသားများအပေါ် အထင်ကြီးကိုးစားမှု လွန်ကဲသောကြောင့် တိုင်းပြည်ဘဏ္ဍာများ ဆုံးရှုံးခဲ့ရသည်။ မဖြစ်မနေထိန်းသိမ်းစောင့်ရှောက်ရမည့် ပြည်တွင်းရေး လျှို့ဝှက်ချက်များ အလွယ်တကူ ပေါက်ကြားခဲ့သည်။ နိုင်ငံတော် တာဝန်အရပ်ရပ်ကို ထမ်းဆောင်ခွင့်ရကြသည့် အာဏာပိုင်များကအစ ဒီမိုကရေစီကျင့်စဉ်ကို လွဲမှားစွာကျင့်သုံးခဲ့ကြသည်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အလွန်အကျည်းတန် အရုပ်ဆိုးသည့် မဲမသမာမှုလုပ်ရပ်များသည် မြန်မာ့သမိုင်းတွင် အမည်းစက်အဖြစ် ကျန်ရစ်ခဲ့သည်။ တပ်မတော်အနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ ရေရှည်အကျိုးကိုမြော်တွေးပြီး နိုင်ငံတော်အပေါ် ကျရောက်လာမည့် ဘေးအန္တရာယ် အသွယ်သွယ်ကို ကာကွယ်နိုင်ရန် သမိုင်းပေးတာဝန်အဖြစ် နိုင်ငံ့တာဝန် ယူခဲ့ရသည်။

၂၀၂၁ ခုနှစ် မြန်မာ့နိုင်ငံရေး အပြောင်းအလဲဖြစ်စဉ်တွင် NLD ပါတီဝင်တချို့နှင့် လူပုဂ္ဂိုလ်တချို့သည် ပြည်ပအထောက်အပံ့များနှင့် အကြမ်းဖက်အဖွဲ့ဖွဲ့စည်းပြီး နိုင်ငံတော်ကို ဆန့်ကျင်ပုန်ကန်ခဲ့သည်။ ထိုအချိန်တွင် တချို့သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များသည် NCA တွင် လက်မှတ်ရေးထိုးထားသည့် ကတိကဝတ်များကို ဖောက်ဖျက်ပြီး NUG၊ CRPH အကြမ်းဖက်အဖွဲ့တို့ကို တစ်ဖက်လှည့်နှင့် ထောက်ခံအားပေးခဲ့သည်။ NUG၊ CRPH အကြမ်းဖက်အဖွဲ့များ၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များကိုလည်း ထောက်ပံ့မှုမျိုးစုံပြုလုပ်ပြီး အားပေးအားမြှောက်ပြုလုပ်ခဲ့ကြသည်။ အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံတစ်ဝန်းတွင် တည်ငြိမ်အေးချမ်းမှု အားနည်းခဲ့သည်။ အကြမ်းဖက်သမားများ၏ ပတ်ဝန်းကျင်တွင် နေထိုင်ကြသည့် ပြည်သူလူထုမှာ အကြောက်တရားများနှင့် ကျီးလန့်စာစားနေရသည့် ဘဝကို ရောက်ရှိခဲ့ကြသည်။ အကြမ်းဖက်သမားများ၏ တော်လှန်ရေးသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးပျက်စီးခြင်းကိုသာ ဖြစ်စေခဲ့သည်။

### နိုင်ငံမထိခိုက်အောင်ကာကွယ်

တိုင်းရင်းသားလက်နက်ကိုင် EAO အဖွဲ့တချို့သည် PDF အမည်ခံအကြမ်းဖက်အဖွဲ့များကို ထောက်ပံ့အားပေးပြီး အကြမ်းဖက်လမ်းကြောင်းပေါ်ကို တင်ပေးခဲ့သည့်အပြင် ၂၀၂၃ ခုနှစ် အောက်တိုဘာလ၌စခဲ့သည့် MNDAA၊ TNLA နှင့် AA အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ လုပ်ရပ်များကြောင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝကို များစွာထိခိုက်စေခဲ့သည်။ ယင်းမတိုင်မီကလည်း KNPP၊ KNDF၊ PNLO၊ KIA နှင့် KNU လက်နက်ကိုင်သောင်းကျန်းသူများသည် နယ်မြေဒေသအသီးသီးတွင် အဖျက်အမှောင့် လုပ်ရပ်များ လုပ်ဆောင်ခဲ့သည်။ အကျိုးဆက်အနေဖြင့် အပြစ်မဲ့တိုင်းရင်းသားပြည်သူများ ဆင်းရဲဒုက္ခရောက်ကြသည်။ ယင်းကို နိုင်ငံတော်အစိုးရနှင့် တပ်မတော်သည် နိုင်ငံတော်၏ အကျိုးစီးပွား မထိခိုက်အောင် သက်စွန့်ကြိုးပမ်း ကာကွယ်ဆောင်ရွက်နေသည်ကိုတွေ့မြင်နေရသည်။

နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် ကာကွယ်ရေး စွမ်းအားများ အားကောင်းရန်လိုသည်။ နိုင်ငံရေးအရ အားကောင်းပြီး စီးပွားရေးနှင့်ကာကွယ်ရေးအပိုင်းတွင် အားနည်းပါက တိုင်းပြည်ပျက်စီးခြင်းသို့ ကျရောက်သွားနိုင်သည်။ နိုင်ငံရေးအရ အားကောင်းစေရေးအတွက် တိုင်းပြည်ကို ဦးဆောင်ဦးရွက်ပြုကြသူများက စနစ်တကျ မှန်ကန်စွာ ဦးဆောင်ပေးကြရသလို နိုင်ငံသားအားလုံးကလည်း မိမိနိုင်ငံကို ကာကွယ်စောင့်ရှောက်ရေး၊ မိမိနိုင်ငံအကျိုးအတွက် စည်းလုံးညီညွတ်ရေး အထူးလိုအပ်သည်။ နိုင်ငံကာကွယ်ရေးနှင့်စည်းလုံးညီညွတ်ရေးသည် နိုင်ငံသားတိုင်း မဖြစ်မနေထမ်းဆောင်ကြရမည့် အမျိုးသားရေးတာဝန်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပထဝီအနေအထား၊ နိုင်ငံရေးအခြေအနေများအရ နိုင်ငံတော်ကို ကာကွယ် စောင့်ရှောက်ရန်အတွက် အထူးနှလုံးသွင်းပြီး ကျရာကဏ္ဍမှ ဆောင်ရွက်ကြရမည် ဖြစ်သည်။

### အမျိုးသားအကျိုးစီးပွား

မျက်မှောက်ကာလတွင် အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှုများ၊ အင်အားငယ်သည့် နိုင်ငံများအပေါ် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအရ ဝင်ရောက်စွက်ဖက်မှုများ၊ နိုင်ငံအချင်းချင်း ပိုင်နက်နယ်မြေအငြင်းပွားမှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ပြည်တွင်းရေး မငြိမ်မသက်မှုများ ကမ္ဘာ့နိုင်ငံအချို့တွင် ဖြစ်ပွားနေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ အဆိုပါပြဿနာများနှင့် ပဋိပက္ခများကို ဖြေရှင်းရာတွင် အချို့ဒေသများတွင် ပြည်တွင်းပဋိပက္ခကို ဒေသတွင်းပဋိပက္ခအခြေအနေများအထိ ဖြစ်ပေါ်လာအောင် ဖန်တီးနေသည်ကို တွေ့မြင်နေရသည်။ ကမ္ဘာ့နိုင်ငံအများစုသည် နိုင်ငံအလိုက် အင်အားစုရရှိရေးအတွက် ဒေသဆိုင်ရာအဖွဲ့အစည်းများ ဖွဲ့စည်းပြီး နိုင်ငံရေး၊စီးပွားရေး၊ကာကွယ်ရေးစသည့် ကဏ္ဍစုံတွင် အဖွဲ့အစည်းအလိုက် ပူးပေါင်း ဆောင်ရွက်နေကြသည်ကို သတိပြုမိကြရမည်ဖြစ်သည်။

**❝ မည်သို့ပင်ဖြစ်စေ နိုင်ငံတိုင်း နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ အကျိုးစီးပွားအပေါ်တွင်သာ ခိုင်ခိုင်မာမာရပ်တည်ပြီး ဦးစားပေးလုပ်ဆောင်နေကြသည်ကို သတိပြုမိရန်လိုမည်ဖြစ်သည်။ ယင်းသည် အမျိုးသားအကျိုးစီးပွားကို ရှေးရှုဆောင်ရွက်နေကြခြင်းဖြစ်သည်။ နိုင်ငံအလိုက် အမျိုးသားရေးကို ရှေ့တန်းတင် ဆောင်ရွက်နေကြခြင်းဖြစ်သည်။ လတ်တလောဖြစ်ပွားခဲ့သည့် အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများ၏ ပြည်တွင်းရေးပဋိပက္ခများကို လေ့လာကြည့်မည်ဆိုလျှင် နောက်ကွယ်မှ မည်သည့်နိုင်ငံများ မည်သို့မည်ပုံ ပါဝင်ပတ်သက်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။ တစ်ကျော့ပြန် ခေတ်သစ်ကိုလိုနီနယ်ချဲ့များက ဖန်တီးနေသည့်အခြေအနေများကို မြန်မာနိုင်ငံတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများက သိရှိထားရန်လိုအပ်သည်။ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် မိမိနိုင်ငံကို ကာကွယ်စောင့်ရှောက်လိုစိတ် မွေးမြူထားရမည် ❞**

မည်သို့ပင်ဖြစ်စေ နိုင်ငံတိုင်း နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ အကျိုးစီးပွားအပေါ်တွင်သာ ခိုင်ခိုင်မာမာရပ်တည်ပြီး ဦးစားပေး လုပ်ဆောင်နေကြသည်ကို သတိပြုမိရန် လိုမည်ဖြစ်သည်။ ယင်းသည် အမျိုးသားအကျိုးစီးပွားကို ရှေးရှုဆောင်ရွက်နေကြခြင်းဖြစ်သည်။ နိုင်ငံအလိုက် အမျိုးသားရေးကို ရှေ့တန်းတင် ဆောင်ရွက်နေကြခြင်းဖြစ်သည်။ လတ်တလောဖြစ်ပွားခဲ့သည့် အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများ၏ ပြည်တွင်းရေးပဋိပက္ခများကို လေ့လာကြည့်မည်ဆိုလျှင် နောက်ကွယ်မှ မည်သည့်နိုင်ငံများ မည်သို့မည်ပုံ ပါဝင်ပတ်သက်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။ တစ်ကျော့ပြန် ခေတ်သစ်ကိုလိုနီနယ်ချဲ့များက ဖန်တီးနေသည့် အခြေအနေများကို မြန်မာနိုင်ငံတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများက သိရှိထားရန်လိုအပ်သည်။ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် မိမိနိုင်ငံကို ကာကွယ်စောင့်ရှောက်လိုစိတ် မွေးမြူထားရမည်ဖြစ်သည်။

### ပြည်ပမှ မြှောက်ပင့်ပံ့ပိုးပေး

ကမ္ဘာ့အင်အားကြီး နိုင်ငံများအနေဖြင့် နိုင်ငံငယ်များအပေါ် ဩဇာလွှမ်းမိုးအောင်ဆောင်ရွက်ရာတွင် နိုင်ငံတိုးတက်ရေးတွင် အဓိကကျသည့် စည်းလုံးညီညွတ်မှု ပျက်ပြားစေရန်နှင့် စီးပွားရေးတွင် ထိန်းချုပ်နိုင်အောင် ဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ပြည်တွင်းတွင် ပဋိပက္ခမျိုးစုံ၊ အကျပ်အတည်းမျိုးစုံဖြစ်ပေါ်လာအောင် ဖန်တီးပြီး စီးပွားရေးထိခိုက်အောင်၊ လိုသလိုခြယ်လှယ်နိုင်အောင် ဖန်တီးနေကြသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အဆိုပါအခြေအနေမျိုး ဖြစ်ပေါ်လာအောင် ကြိုတင်စီမံဖန်တီးခဲ့ကြသည်ကို ထဲထဲဝင်ဝင်လေ့လာလျှင် သိနိုင်သည်။ မလိုလားအပ်သည့် ပဋိပက္ခများကြောင့် နိုင်ငံတစ်ဝန်း အကြမ်းဖက်မှုများ ဖြစ်ခဲ့ရသည်။ အပြစ်မဲ့ပြည်သူများ၊ ကလေးသူငယ်များနှင့် ရဟန်းသံဃာတော်များပါမကျန် ထိခိုက်သေဆုံးခဲ့ကြသည်။ တိုင်းပြည်အတွက် နစ်နာဆုံးရှုံးမှုကြီးဖြစ်သည်။ ကိုယ့်နိုင်ငံကို သစ္စာမဲ့၊ အသိဉာဏ်အားနည်းသည့် မိမိနိုင်ငံသားများက ပြည်ပမှ မြှောက်ပင့်ပံ့ပိုးမှုများနှင့် ဖျက်ဆီးနေကြသည်။

ပြည်ပပယောဂများ လွှမ်းမိုးနေသည့် အကြမ်းဖက်တိုက်ခိုက်မှုများ လျော့ပါးပျောက်ပျက်သွားမှသာ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး သာယာဝပြောလာမည်ဖြစ်သည်။ ပြည်သူအားလုံးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းပြည်ကာကွယ်ရေး၊ လုံခြုံရေးအတွက် ကိုယ်စီကိုယ်စီ တာဝန်ရှိကြသည်။ ယင်းသည် အမျိုးသားရေးတာဝန်၊ အမျိုးသားရေးစိတ်ဓာတ်ဖြစ်သည်။ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလက နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ရှေးရှုပြီး ၁၉၂၀ ပြည့်နှစ် အမျိုးသားနေ့တွင် သန္နိဋ္ဌာန်ချခဲ့သည့် တစ်တိုင်းပြည်လုံးပါဝင်လှုပ်ရှားခဲ့သော အမျိုးသားအောင်ပွဲ စိတ်ဓာတ်မျိုးကဲ့သို့ မျက်မှောက်ကာလတွင်လည်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မည်ဆိုသည့် အမျိုးသားရေးစိတ်ဓာတ်များ ထက်သန်နိုးကြားလာအောင် တိုင်းရင်းသားပြည်သူအားလုံး သန္နိဋ္ဌာန်ပြုကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးမင်းသိန်းဇံ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပမည့်နေရာများ ကြည့်ရှုစစ်ဆေး






ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးမင်းသိန်းဇံ အလွတ်ခုန် လေထီးစစ်သည်များ လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၉**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ တို့သည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးရဲတင့်၊ ဒေါ်နုမြဇံ၊ ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများ ကျင်းပမည့် ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်းသို့ သွားရောက်၍ ကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများတွင် အသုံးပြုမည့် Lighting System၊ LED၊ အသံစနစ်နှင့် လျှပ်စစ်မီးများ တပ်ဆင်နေမှု၊ စင်မြင့် တည်ဆောက်နေမှု၊ အားကစားကွင်းအတွင်းတိုင်းဒေသကြီးနှင့် ပြည်နယ်အလံများ၊ ဝန်ကြီးဌာနအလိုက် အလံများ ချိတ်ဆွဲထားရှိမှု၊ ဖျော်ဖြေရေးအဖွဲ့များနှင့် အားကစားသမားများ အဝင်၊ အထွက် ပြုလုပ်မည့်နေရာ လျာထားဆောင်ရွက်နေမှု၊ ကဏ္ဍအလိုက် ဖျော်ဖြေရေးအစီအစဉ်များ ပြင်ဆင်ဆောင်ရွက်နေမှု၊ အလွတ်ခုန်(Free Fall) လေထီးစစ်သည်များက တိုင်းဒေသကြီး၊ ပြည်နယ်အလံများနှင့် အမျိုးသား အားကစားပွဲတော် အလံတို့ကို ကွင်းအတွင်းသို့ လေထီးခုန်၍ သယ်ဆောင်လေ့ကျင့်နေမှု၊ ပွဲတော်အထိမ်းအမှတ် မီးရှူးတိုင် လက်ဆင့်ကမ်း သယ်ယူရေး အစီအစဉ်လေ့ကျင့်နေမှု၊ မီးရှူးတိုင် ထွန်းညှိမည့်နေရာ ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းက အမျိုးသား အားကစားပွဲတော်ကြီး ကျင်းပရန် ရက်အနည်းငယ်သာ ကျန်ရှိတော့သဖြင့် ကော်မတီများအလိုက် လုပ်ငန်းတာဝန်များကို အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အခမ်းအနားအတွက်လိုအပ်သည့် စက်ကိရိယာပိုင်းဆိုင်ရာများကိုလည်း အချိန်မီ တပ်ဆင်ပြီးစီးရေးနှင့် အရည်အသွေးပြည့်မီရေးကိုလည်း အထူးအလေးထား ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အခက်အခဲများရှိပါကလည်း သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့် အတွက် အမျိုးသားရေး စိတ်ဓာတ်ဖြင့် တက်ကြွစွာ အားလုံးပူးပေါင်းဆောင်ရွက် ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသား အားကစားပွဲတော်ကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို သက်ဆိုင်ရာ ကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ အမျိုးသား အားကစားပွဲတော်များကို ပထမ အကြိမ်အဖြစ် ၁၉၈၂ ခုနှစ်တွင် ရန်ကုန်မြို့၌ အားကစားနည်း ၂၂ မျိုးဖြင့်လည်းကောင်း၊ ဒုတိယ အကြိမ်အဖြစ် ၁၉၈၄ ခုနှစ်တွင် ရန်ကုန်မြို့၌ အားကစားနည်း ၂၄ မျိုးဖြင့်လည်းကောင်း၊ တတိယ အကြိမ်အဖြစ် ၁၉၈၇ ခုနှစ်တွင် ရန်ကုန်မြို့၌ အားကစားနည်း ၂၉ မျိုးဖြင့်လည်းကောင်း၊ စတုတ္ထ အကြိမ်အဖြစ် ၂၀၁၅ ခုနှစ်တွင် နေပြည်တော်၌ အားကစားနည်း ၂၇ မျိုးတို့ဖြင့်လည်းကောင်း ကျင်းပခဲ့ပြီး ယခုပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် အားကစားနည်း ၂၃ မျိုး၊ ဝန်ကြီးဌာနအဆင့် အားကစားနည်း ခြောက်မျိုးနှင့် မသန်စွမ်း အားကစားနည်း လေးမျိုးတို့ဖြင့် ကျင်းပသွားမည်ဖြစ်ရာ အားကစားသမား စုစုပေါင်း ၆၅၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# ၂၀၂၄ ခုနှစ် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကျင်းပရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၉**

(၁၀၄)နှစ်မြောက် အမျိုးသား အောင်ပွဲနေ့ကျင်းပရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ကျင်းပရာ သက်ဆိုင်ရာဝန်ကြီး ဌာနများမှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီမှ အမျိုးသား အောင်ပွဲနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ၂၀၂၄ ခုနှစ် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မိုးဇော်ထွန်းက မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို အမျိုးသားရေး အနှစ်သာရပြည့်ဝစွာဖြင့် အမျိုးသား အောင်ပွဲနေ့ ဦးတည်ချက်များ၊ ဆောင်ပုဒ်တို့နှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်း အကြံပြုပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အခြေခံပညာဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်က ၂၀၂၃ ခုနှစ် (၁၀၃)နှစ်မြောက် အမျိုးသား အောင်ပွဲနေ့ ကျင်းပပြီးစီးမှု အစီရင်ခံစာကို ကောက်နုတ်တင်ပြပြီး အမျိုးသားအောင်ပွဲနေ့ ကျင်းပရေး ဗဟိုကော်မတီ အတွင်းရေးမှူး ပညာရေး သုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းသန်းမြင့်က ၂၀၂၄ ခုနှစ် (၁၀၄)နှစ်မြောက် အမျိုးသား အောင်ပွဲနေ့ စီမံချက်ကိုတင်ပြ၍ ဆုံးဖြတ်ရန်ကျန်ရှိသည့် အချက်များကိုတင်ပြရာ ဗဟိုကော်မတီဝင်များ၊ အစည်းအဝေးတက်ရောက်လာသူများက ဆွေးနွေးဆုံးဖြတ် အတည်ပြုကြသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက် လာကြသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုတင်ပြကြပြီး အမျိုးသား အောင်ပွဲနေ့အကြို လှုပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားရေးနှင့် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားများကို စီမံချက်နှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေးကြကာ ဒုတိယဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒိုက်ဦးမြို့နယ်၌ မီးခိုးမြူငွေ့ လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

**ဒိုက်ဦး နိုဝင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် သစ်တောဦးစီးဌာနက ဒိုက်ဦးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ဗျက်ကြီးကျေးရွာ)၌ ယနေ့နံနက်ပိုင်းက မီးခိုးမြူငွေ့ လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ပြုလုပ်သည်။

ဟောပြောပွဲတွင် ဒိုက်ဦးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ဗျက်ကြီး) ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီး ဒိုက်ဦးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးတင်လင်းအောင်က မီးခိုးမြူငွေ့ လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောသည်။

ထို့နောက် တက်ရောက်လာသူများ၏ သိရှိလိုသည့်မေးမြန်းချက်များကို ပြန်လည်ဖြေကြားပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**



# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နေပြည်တော်ကိုယ်စားပြု အားကစားသမားများ စခန်းသွင်းလေ့ကျင့်



**နေပြည်တော် နိုဝင်ဘာ ၁၉**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်အတွင်းရှိ ပြည်ထောင်စုနယ်မြေ နေပြည်တော်အားကစားရုံ၌ စခန်းသွင်းလေ့ကျင့်နေသော ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နေပြည်တော်ကိုယ်စားပြု အမျိုးသားအမျိုးသမီး ဘော်လီဘော၊ အမျိုးသား ဘတ်စကက်ဘောနှင့် အမျိုးသားဘိလိယက်နှင့် စနူကာအားကစားသမားများကို တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး (ယာဝုံ) ဖြည့်စွက်အားဖြည့်စာများ၊ ထောက်ပံ့ငွေများနှင့် အားကစားပစ္စည်းများ ပေးအပ်သည်။

ထို့နောက် အာကစားနည်းအလိုက် အားကစားသမားများ လေ့ကျင့်နေမှုအခြေအနေများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာရှိ တောင်သူ ဦးအောင်ငွေ၏ မိုးစပါးစိုက်ခင်း၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို တက်ရောက် အမှာစကားပြောကြားပြီး မိုးစပါးစံကွက်ရိတ်သိမ်းခြင်း၊ စပါးခြင်တွယ်ခြင်းများကို ကြည့်ရှုအားပေးကြရာ တစ်ဧကလျှင် စပါးအစို ၁၄၅ တင်း၊ စပါးအခြောက် တင်း ၁၃၀ နှုန်း ထွက်ရှိကြောင်း သိရသည်။

မွန်းလွဲပိုင်း၌ နိုဝင်ဘာ ၂၀ ရက်တွင် ကျရောက်မည့် (၃၅)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့ အကြိုလှုပ်ရှားမှု အခမ်းအနားကို နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီနာယက နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး နေပြည်တော်အတွင်းရှိ နေပြည်တော်ကလေးပြုစုရေးဌာနနှင့် မူလတန်းကြိုကျောင်းများမှ သားငယ် သမီးငယ်လေးများက တေးသီချင်းများဖြင့် အဖွဲ့လိုက် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကာ ကပြဖျော်ဖြေကြသည့် သားငယ် သမီးငယ်လေးများအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ကြသည်။

ဆက်လက်၍ နေပြည်တော် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော် အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မော်မော်ထွန်းတို့က ကပြဖျော်ဖြေကြသည့် သားငယ် သမီးငယ်လေးများအတွက် ဂုဏ်ပြုဆုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဝင်းဖေ ဖွင့်ပွဲ / ပိတ်ပွဲအခမ်းအနား ပြင်ဆင်မည့်နေရာများနှင့် အိပ်ဆောင်များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၉**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ ပိတ်ပွဲအခမ်းအနား ကျင်းပပြုလုပ်မည့် နေရာများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် ဒိုင်/ဂျူရီများ တည်းခိုနေထိုင်မည့် အိပ်ဆောင် ပြုပြင်မွမ်းမံ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝဏ္ဏသိဒ္ဓိအားကစားကွင်း အမှတ်(၁) ဂိတ် ဝင်/ထွက် ပေါက်တွင် အမျိုးသားအားကစားပွဲတော် ဆိုင်းဘုတ်ဗီနိုင်း တပ်ဆင်ထားရှိမှုများ၊ ဖွင့်ပွဲ/ ပိတ်ပွဲအခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲများ တက်ရောက်ကြည့်ရှုအားပေးမည့် နေရာထိုင်ခင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် စတိတ်စင်နောက်ခံ ပြင်ဆင်နိုင်ရေးကိစ္စရပ်များ၊ ရေကူးကန်အတွင်း ပြင်ဆင်ဆောင်ရွက်နေမှုများ၊ ဝဏ္ဏသိဒ္ဓိ အားကစားရုံ (C)တွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် နောက်ခံဆိုင်းဘုတ် တပ်ဆင်ထားရှိမှု၊ ဝန်ကြီးဌာနများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အလံများ တပ်ဆင်ထားရှိမှု အခြေအနေများ၊ အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) Cluster–5 ရှိ ဒိုင်/ ဂျူရီများ တည်းခိုနေထိုင်မည့် အိပ်ဆောင်များ ပြုပြင်မွမ်းမံဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ ပိတ်ပွဲအခမ်းအနားကို ခမ်းခမ်းနားနားနှင့် စည်ကားသိုက်မြိုက် အောင်မြင်စွာကျင်းပနိုင်ရေး၊ အခမ်းအနားပြင်ဆင်ရာတွင် လစ်ဟင်းမှုများ၊ လိုအပ်ချက်များမရှိစေရေးအတွက် စစ်ဆေးကြပ်မတ်သွားရန်နှင့် လိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့် အသင်းလိုက်အားကစားနည်းများအတွက် ပွဲစဉ်ဇယား မဲနှိုက်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၉**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဝန်ကြီးဌာနအဆင့် အသင်းလိုက် အားကစားနည်းများ အတွက် ပွဲစဉ်ဇယား မဲနှိုက်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ပြိုင်ပွဲကျင်းပရေးနှင့် နည်းစနစ် ဆပ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက ဝန်ကြီးဌာနအဆင့် အားကစားနည်း ခြောက်နည်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ နည်းနှင့် မသန်စွမ်း အားကစားနည်း လေးနည်းတို့ဖြင့် ကျင်းပမည်ဖြစ်၍ ဝန်ကြီးဌာနအဆင့် အသင်းလိုက် အားကစားနည်းများဖြစ်သည့် ဘောလုံး၊ ဖူဆယ်၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း အားကစားနည်းများအတွက် အုပ်စုမဲနှိုက်ခြင်းနှင့် ပွဲစဉ်ဇယားများ ကြိုတင်ရေးဆွဲနိုင်ရေးအတွက် ယခုအခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲယှဉ်ပြိုင်ကစားရာတွင် တရားမျှတမှုရှိစေရေးအတွက် နိုင်ငံတကာတွင် အသုံးပြုလျက်ရှိသည့် စည်းမျဉ်း စည်းကမ်းများ၊ အားကစားအဖွဲ့ချုပ်မှ ထုတ်ပြန်အတည်ပြုထားသည့် စည်းမျဉ်း ဥပဒေများကို တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း၍ ထပ်ကာထပ်ကာ အတည်ပြုဆွေးနွေး ဆုံးဖြတ်ပြီးမှ ဝန်ကြီးဌာနများသို့ ကြိုတင်ဖြန့်ဝေပေးထားပြီး ဖြစ်သည့်အတွက် ပြိုင်ပွဲဝင်အသင်းများ အနေဖြင့် သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်း၊ နည်းဥပဒေများအတိုင်း လိုက်နာယှဉ်ပြိုင်သွားရန် လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်အသင်းလိုက် အားကစားနည်းများဖြစ်သည့် ဘောလုံး၊ ဖူဆယ်၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း အားကစားနည်းများအတွက် အုပ်စုမဲနှိုက်ခြင်းနှင့် ပွဲစဉ်ဇယားများ ကြိုတင်ရေးဆွဲခြင်းများကို ဆောင်ရွက်သည်။

အဆိုပါ အခမ်းအနားသို့ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြိုင်ပွဲကျင်းပရေးနှင့် နည်းစနစ်ဆပ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်ဝန်ကြီးဌာနများမှ အသင်းအုပ်ချုပ်သူများ၊ သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၉**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကျင်းပနေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၉**

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ယခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ဆောင်ပုဒ်ဖြစ်သည့် "အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများ ခေါင်းဆောင်နိုင်မှု မြှင့်တင်ပေး" ခေါင်းစဉ်ဖြင့် အမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်း နေပြည်တော်၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးကြသည်။**(အပေါ်ယာပုံ)**



**ဂုဏ်ပြုချီးမြှင့်မည်**

စာစီစာကုံးပြိုင်ပွဲသို့ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ၁၅ ဦး၊ ကျောင်းသူ ၆၉ ဦး စုစုပေါင်း ၈၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများကို ပြည်ထောင်စုနယ်မြေနေပြည်တော်၌ ဒီဇင်ဘာ ၃ ရက်တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် နိုင်ငံတော်အဆင့်အခမ်းအနားတွင်ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA)၏ အကြီးအကဲ Mr. Sajjad Mohammad Sajid ကို အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် UNOCHA အဖွဲ့မှ မြန်မာနိုင်ငံအတွင်း ပြည်တွင်းနေရပ်စွန့်ခွာသူများနှင့် ဝေးလံခက်ခဲသောနေရာများရှိအကူအညီလိုအပ်သူများအား လူသားချင်းစာနာမှု အထောက်အပံ့များ ပေးအပ်နိုင်ရေးကိစ္စ၊ နယူးယောက်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများ၏ အရေးပေါ်ကိစ္စရပ်များဆိုင်ရာ ညွှန်ကြားရေးမှူးများအဖွဲ့၏ မြန်မာနိုင်ငံခရီးစဉ်လာရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ ခရီးစဉ်အတွင်း အဓိကတွေ့ရှိချက်များနှင့် အကြံပြုချက်များ၊ ဝန်ကြီးဌာနအောက်ရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် UNOCHA အဖွဲ့တို့အကြား သဘောတူညီမှုစာလွှာ လက်မှတ်ရေးထိုးနိုင်ရေးကိစ္စ၊ UNOCHA ၏ နိုင်ငံခြားသားဝန်ထမ်းများ၏ ပြည်ဝင်ဗီဇာ၊ ဗီဇာသက်တမ်းတိုးခြင်းနှင့် ခရီးသွားလာခွင့်ကိစ္စရပ်များအပေါ် ဝန်ကြီးဌာနက ညှိနှိုင်းဆောင်ရွက်ပေးရန်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ ၂၀၂၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ အသက်မွေးဝမ်းကျောင်းနှင့် နည်းပညာဆိုင်ရာ ပညာရေးဖွံ့ဖြိုးတိုးတက်ရေး ညီလာခံသို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၁၉**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပညာရေးဝန်ကြီး Mr. HUAI Jinpeng ၏ ဖိတ်ကြားချက်အရ ထျန်းကျန်းမြို့၌ နိုဝင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် ၂၀၂၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ အသက်မွေးဝမ်းကျောင်းနှင့် နည်းပညာဆိုင်ရာ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးညီလာခံသို့ တက်ရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရသည်။

**သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# ဘရာဇီးလ်နိုင်ငံ၏ (၂၀၂) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၉**

ဘရာဇီးလ်နိုင်ငံ၏ (၂၀၂) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲကို ယနေ့ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာရှိ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးလ်နိုင်ငံ သံအမတ်ကြီး၏ နေအိမ်၌ ကျင်းပသည်။

**တက်ရောက်**

ဧည့်ခံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးလ်နိုင်ငံ သံအမတ်ကြီး H.E.Mr. Gustavo Rocha de Menezes နှင့် တာဝန်ရှိသူများက ဒုတိယဝန်ကြီးနှင့် ဧည့်ခံပွဲ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးလ်နိုင်ငံ သံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဧည့်ခံပွဲတက်ရောက်လာကြသူများကို ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ရုရှားနိုင်ငံ RC Investments နှင့် သဘာဝရွက်ဖျန်းအားဆေးရည် ထုတ်လုပ်မည့် စက်ရုံတည်ဆောက်ရေးဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ရုရှားနိုင်ငံ RC Investments ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Artemii ALIMOV ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ရုရှားနိုင်ငံထုတ် မြေသြဇာစက်ရုံ တည်ဆောက်ရင်းနှီးမြှုပ်နှံရေး၊ သဘာဝရွက်ဖျန်းအားဆေးရည် ထုတ်လုပ်မည့် စက်ရုံတည်ဆောက်ရေး စီမံကိန်းနှင့် မျိုးစေ့ထုတ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရေး ကိစ္စများနှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်းသီးနှံမျိုးမြေပဲများ ပေးအပ်

**ခရမ်း နိုဝင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်အတွင်းရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ကန်ထရိုက်လယ်ယာစနစ်ဆောင်ရွက်မည့် ခရမ်းမြို့နယ် ဇီးဖြူပင်ကျေးရွာရှိ စွမ်းအားသစ်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းရှိ အသင်းသားများ၏ စိုက်ဧက ၄၀ အတွက် ခရမ်းမြို့နယ် သမဝါယမအသင်းစုက ဆောင်းသီးနှံမျိုးမြေပဲအိတ် ၁၂၀ ကို အသင်းသားတောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ကျင်းပနေမှု ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၁၉**

၂၀၂၄ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိမဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ ပုလဲအတွဲများ တင်ဒါဖွင့်ဖောက်စစ်ဆေးမှုနှင့် တင်ဒါအောင်သည့် စာရင်းများ ထုတ်ပြန်ပေးနေမှု၊ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာအရောင်းဆိုင်များ ဖွင့်လှစ်ထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယနေ့နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြပြီး ပြပွဲတွင်ရောင်းချမည့်



ပုလဲအတွဲ အမှတ်(၁)မှ အတွဲအမှတ်(၁၄၀)အထိ ပုလဲအတွဲများကို ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေး၍ ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ထို့နောက် ပုလဲအတွဲအမှတ်(၁)မှ အတွဲအမှတ်(၁၄၀)အထိ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲပေါင်း ၁၀၈ တွဲရောင်းချရကြောင်း ကြေညာသည်။

ယနေ့ရောင်းချခဲ့ရသည့် ပုလဲအတွဲများကို အမေရိကန်ဒေါ်လာဖြင့် အခြေခံဈေးသတ်မှတ်ထားပြီး ဝယ်ယူခွင့်ရရှိသည့် ပြည်ပရတနာကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များအနေဖြင့် နိုင်ငံခြားငွေ သို့မဟုတ် ကျပ်ငွေဖြင့်လည်းကောင်း ပေးချေဝယ်ယူနိုင်မည်ဖြစ်သည်။

ပြပွဲတတိယနေ့တွင် ပုလဲအတွဲအမှတ်(၁၄၁)မှ အတွဲအမှတ်(၂၈၀)အထိကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့် လက်ဝတ်ရတနာအရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

ယခုကျင်းပသည့် ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ ကျင်းပလျက်ရှိပြီး ပြပွဲတွင် ပုလဲအတွဲပေါင်း ၂၈၀၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ နှင့် အုပ်စု(အေ၊ ဘီ၊ စီ) သုံးအုပ်စုခွဲခြားထားသည့် ကျောက်စိမ်းအတွဲပေါင်း ၄၈၀၀ တို့ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကန့်ကြီးထောင့်မြို့နယ်၌ ဆုံဆို့-မေးခိုင်ရောဂါ ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံ



**ကန့်ကြီးထောင့် နိုဝင်ဘာ ၁၉**

ဧရာဝတီတိုင်း ဒေသကြီး ကန့်ကြီးထောင့် မြို့နယ်တွင် အသက် ၅ နှစ်ပြည့်ပြီး ၇ နှစ်မကျော်သော KG ကျောင်းသား ကျောင်းသူများကို ဆုံဆို့-မေးခိုင်ကာကွယ်ဆေး(DT) ဒုတိယအကြိမ် ထပ်ဆောင်း ကာကွယ်ဆေး ကျောင်းအခြေပြု ထိုးနှံခြင်းနှင့် အသက် ၉ နှစ်ပြည့်ပြီး ၁၀ နှစ်မကျော်သော ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာ ရောဂါ ကာကွယ်ဆေး(HPV) ကျောင်းအခြေပြုထိုးနှံခြင်းကို ယမန်နေ့နံနက်ပိုင်းမှစတင်၍ အထက(ကန့်ကြီးထောင့်)၊ အထက(ဒါးက)နှင့် အထက(တကုန်းကြီး)တို့တွင် ဆောင်ရွက်ခဲ့ကြသည်။

**စနစ်တကျထိုးနှံပေး**

ထိုသို့ ဆောင်ရွက်ရာတွင် ကန့်ကြီးထောင့်မြို့နယ်ရှိ ကျန်းမာရေးဆရာမများက အဆိုပါ ဆေးထိုးစုရပ် ကျောင်းများရှိ ကျောင်းသား ကျောင်းသူများအား ဆုံဆို့-မေးခိုင် ကာကွယ်ဆေး(DT) ဒုတိယအကြိမ် ထပ်ဆောင်း ကာကွယ်ဆေးနှင့် ( HPV ) သားအိမ်ခေါင်းကင်ဆာ ရောဂါ ကာကွယ်ဆေးအား စနစ်တကျ ထိုးနှံပေးခဲ့ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာခင်မာလွင်နှင့် အဖွဲ့က သွားရောက် ကြည့်ရှုခဲ့ကြသည်။

အဆိုပါ ကာကွယ်ဆေးများ ထိုးနှံပေးရာတွင် ကန့်ကြီးထောင့်မြို့နယ်အတွင်းရှိ စာသင်ကျောင်း ၁၉၉ ကျောင်းမှ အသက် ၅ နှစ်ပြည့်ပြီး ၇ နှစ်မကျော်သော ကျောင်းသား ကျောင်းသူစုစုပေါင်း ၃၂၀၀ နှင့် အသက် ၉ နှစ်ပြည့်ပြီး အသက် ၁၀ နှစ်မကျော်သော ကျောင်းသူ ၁၃၅၇ ဦးတို့အား ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇင်စိုး (ပြန်/ဆက်)**

## ဟသ်ာတမြို့နယ်၌ ဆုံဆို့-မေးခိုင်ရောဂါ ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးများ ထိုးနှံပေး

**ဟသ်ာတ နိုဝင်ဘာ ၁၉**

ဧရာဝတီတိုင်း ဒေသကြီး ဟသ်ာတမြို့နယ်တွင် ဟသ်ာတခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေခြည်ထက်ထက်လင်းအောင် ဦးဆောင်သော ခရိုင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ကြားနေသော အသက် ၅ နှစ်ပြည့်ပြီး ၇ နှစ်မကျော်သော KG ကျောင်းသား ကျောင်းသူများကို ကျောင်းအခြေပြု ဆုံဆို့၊ မေးခိုင်ကာကွယ်ဆေး ဒုတိယအကြိမ် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံခြင်းနှင့် အသက် ၉ နှစ်ပြည့်ပြီး ၁၀ နှစ်မကျော်သော ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံခြင်းကို ယနေ့တွင် အထက(၆)၌ စတင်ထိုးနှံခဲ့သည်။

ဟသ်ာတမြို့နယ်၌ ဆုံဆို့-မေးခိုင်ရောဂါ ကာကွယ်ဆေးကို ကျောင်းသား ကျောင်းသူစုစုပေါင်း ၈၈၉ဦးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးကို ကျောင်းသူ ၃၈၂ ဦးတို့အား ယနေ့တွင် ထိုးနှံပေးခဲ့သည်။

ယနေ့မှစ၍ လေးရက်တာအတွင်း ဟသ်ာတမြို့နယ်ရှိအခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများနှင့် ပုဂ္ဂလိက ကျောင်းများတွင် ကျောင်းအခြေပြု ဆုံဆို့-မေးခိုင်ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို ကျောင်းသား ကျောင်းသူ ၅၇၀၀ နှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးကို ကျောင်းသူ စုစုပေါင်း ၂၄၇၅ ဦးတို့အား ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ရေနံချောင်းမြို့နယ်၌ ယခုနှစ်တွင် ပဲစင်းငုံ ၁၅၂၈၉ ဧက စိုက်ပျိုးပြီးစီး သီးနှံများအောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ရေနံချောင်း နိုဝင်ဘာ ၁၉**

မကွေးတိုင်း ဒေသကြီး ရေနံချောင်းမြို့နယ်၌ ယခုနှစ်မိုးသီးနှံရာသီတွင် ပဲစင်းငုံသီးနှံ ၁၅၂၈၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေနံချောင်းမြို့နယ်၌ ယခုနှစ်မိုးသီးနှံရာသီတွင် ပဲစင်းငုံသီးနှံကို တစ်မြို့နယ်လုံးအနေဖြင့် ၁၄၂၀၂ ဧက လျာထားခဲ့ရာ ယနေ့အထိ ၁၅၂၈၉ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီး လျာထားချက်ထက် ကျော်လွန်



စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် ယခုအခါတွင် အပွင့်အသီးများ လှိုင်လှိုင်ထွက်ပေါ်ကာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံသီးနှံကို ပြည်တွင်းပဲစားသုံးမှု ဖူလုံပိုလျှံစေရန်နှင့် ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

**သီးညှပ်အဖြစ် အများဆုံးစိုက်ပျိုး**

ရေနံချောင်းမြို့နယ်၌ ပဲစင်းငုံသီးနှံကို မြေပဲ၊ နှမ်း၊ ပဲတီစိမ်းစသည့် သီးနှံစိုက်ခင်းများတွင် သီးညှပ်အဖြစ် အများဆုံးစိုက်ပျိုးကြကြောင်းနှင့် အရင်းအနှီးနည်းပြီး အမြတ်များများရရှိသည့် သီးနှံဖြစ်သည့်အတွက် တောင်သူများ အားထားစိုက်ပျိုးသည့် သီးနှံတစ်မျိုးဖြစ်ကြောင်း ဒေသခံတောင်သူတစ်ဦးထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၉**

ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

## နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၁၉**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးရွာနိုင်သည်။

**မိုး/ဇလ**

# ကလေးသူငယ်များ၏ အခြေခံအခွင့်အရေးများအားလုံး တန်းတူညီမျှ ရရှိခံစားနိုင်ရန်နှင့် အနာဂတ်ဘဝ သာယာလှပစေရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**သတင်းထုတ်ပြန်ချက် (၁၀/၂၀၂၄)**

၁။ ကလေးများသည် နိုင်ငံ့ရတနာများဖြစ်ကြရာ ကလေးသူငယ်များ၏ မွေးရာပါအခွင့်အရေးများကို နိုင်ငံများမှ မြှင့်တင်၊ ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကုလသမဂ္ဂက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of the Child–CRC) ကို အတည်ပြုချမှတ်ခဲ့ပြီး ယင်းနေ့ကို ကမ္ဘာ့ကလေးများနေ့အဖြစ်သတ်မှတ်ခဲ့ရာ ယခုနှစ်ဆိုလျှင် ၃၅ နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။ ၂၀၂၄ ခုနှစ် ကမ္ဘာ့ကလေးများနေ့အတွက် ဆောင်ပုဒ်မှာ **“အနာဂတ် သာယာကောင်းမွန်ရေး ကလေးများအသံ နားထောင်ပေး” “Listen to the future”** ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံသည် ကလေးသူငယ်များ၏ အခွင့်အရေးများကို မြှင့်တင်၊ ကာကွယ်စောင့်ရှောက်နိုင်ရန်အလို့ငှာ ၁၉၉၁ ခုနှစ်တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်အတည်ပြုချုပ်ဆိုခဲ့ပြီး ကလေးသူငယ်အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ကလေးသူငယ်ဥပဒေကို ၁၉၉၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ကလေးသူငယ်များအတွက် အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်ပေးရန်နှင့် ကလေးသူငယ်အခွင့်အရေးများကို ပိုမိုကာကွယ်စောင့်ရှောက်နိုင်ရန် ရည်ရွယ်၍ ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေကို ရုပ်သိမ်းပြီး ၂၀၁၉ ခုနှစ်တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။

၃။ ကလေးသူငယ်များသည် နိုင်ငံ့အနာဂတ်၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့်အတွက် ကလေးများငယ်ရွယ်စဉ်ကပင် ကျန်းမာပျော်ရွှင်စွာဖြင့် လွတ်လွတ်လပ်လပ် ကြီးပြင်းလာရန် အရေးကြီးပါသည်။ ကလေးသူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်စပ်နေသည်ဖြစ်ရာ ကလေးသူငယ်များဘဝကြီးပွားရှင်သန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ကလေးသူငယ်အခွင့်အရေးများကို အလေးထားကာ အစဉ်တစိုက် မြှင့်တင်ကာကွယ်စောင့်ရှောက်ပေးရမည်ဖြစ်ပါသည်။

၄။ ကမ္ဘာတစ်ဝှမ်းရှိ ကလေးသူငယ်များသည် ဆင်းရဲမွဲတေခြင်း၊ ပဋိပက္ခများ ကြုံတွေ့ရခြင်း၊ ပညာသင်ကြားခွင့်မရရှိခြင်းနှင့် ခွဲခြားဆက်ဆံခြင်းကဲ့သို့သော အခက်အခဲများနှင့် ရင်ဆိုင်နေရဆဲဖြစ်ပါသည်။ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုများ၊ လိင်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုများ လျော့နည်းပပျောက်စေရေး ကြိုးပမ်းအားထုတ်ရာတွင် အစိုးရအဖွဲ့အစည်းတစ်ခုတည်း ဆောင်ရွက်၍ ရနိုင်မည်မဟုတ်ဘဲ အရပ်ဘက်အဖွဲ့အစည်းများ၊ မိဘများနှင့် ပြည်သူလူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါသည်။

၅။ ကလေးသူငယ်များ၏ အခြေခံအခွင့်အရေးများဖြစ်သော အသက်ရှင်သန်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်မှုရရှိရေး၊ လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်ခွင့်ပေးရေး စသည့် အခွင့်အရေးများကို ကလေးများအားလုံး တန်းတူညီမျှ ရရှိခံစားနိုင်ရန်နှင့် အနာဂတ်ဘဝသာယာလှပစေရန် ကလေးများ၏ အသံကို နားထောင်ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး တာဝန်ရှိသူအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကျရောက်သည့် ၃၅ နှစ်မြောက် ကမ္ဘာ့ကလေးများနေ့တွင် တိုက်တွန်းဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ရွှေတောင်မြို့၌ ပညာအားမာန် စာကြည့်တိုက် ဖွင့်လှစ်ပေး

**ပဲခူး နိုဝင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အတူ ယမန်နေ့ နံနက်ပိုင်းက ရွှေတောင်မြို့နယ် တောင်လုံးညိုကျေးရွာ၌ ပညာအားမာန်စာကြည့်တိုက်ကို တက်ရောက်ဖွင့်လှစ်သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သောင်းထိုက်၊ စီးပွားရေးရာဝန်ကြီး ဦးတင်ဦး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်ဆွေ၊ တိုင်းရင်းသားရေးရာဝန်ကြီးဦးစောလင်းအောင်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စာကြည့်တိုက်အတွင်း စာအုပ်စာစောင်များ ခင်းကျင်းထားရှိမှုနှင့် စာပေဖတ်ရှုလေ့လာနေသည့် ကျောင်းသား ကျောင်းသူများအား လိုက်လံကြည့်ရှုအားပေးပြီး စာကြည့်တိုက်အတွင်း သုတ/ရသ စာအုပ်စာစောင်များ ဝယ်ယူနိုင်ရေး ငွေကျပ် သိန်း ၃၀ ကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ မိမိတို့၏ သားသမီးများအား လူကောင်းလူမွန်များ ဖြစ်စေရေးနှင့် အနာဂတ်တွင် တိုင်းပြည်မှ အားကိုးရသည့် သားကောင်းသမီးမွန်များဖြစ်စေရေး စာကြည့်တိုက်သို့ စေလွှတ်ပေးကြရန် တိုက်တွန်းပြောကြားပြီး ရှင်းလင်းဆွေးနွေးသည်။



စာကြည့်တိုက်ဖွင့်ပွဲတွင် မြန်မာ့ရိုးရာ အိုးစည်၊ ဒိုးပတ် အဖွဲ့များအား ဂုဏ်ပြုငွေများ ပေးအပ်ခဲ့ကြောင်း အတီးအကများဖြင့် ဖျော်ဖြေခဲ့သည့် ဖျော်ဖြေရေး သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ညောင်ဦးမြို့၌ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အသိပညာပေးဆွေးနွေးပွဲ ရိုက်ကူးထုတ်လွှင့်



**ညောင်ဦး နိုဝင်ဘာ ၁၉**

မန္တလေး တိုင်းဒေသကြီး ညောင်ဦးခရိုင် လူထုအခြေပြု ဗဟိုဌာန၌ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအသိပညာပေး ဆွေးနွေးပွဲကို နိုဝင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သူဇာစိုးနှင့် ညောင်ဦးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသီဟဇော်တို့ဆွေးနွေးပွဲ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။

အဆိုပါ မြန်မာနိုင်ငံအတွင်း စွန့်ပစ်ပစ္စည်းရှိမှု အခြေအနေ၊ စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု၊ ပြန်လည်အသုံးပြုနိုင်မည့် နည်းလမ်းများ၊ ပတ်ဝန်းကျင်ထိခိုက်မှုနည်းအောင် စီမံခန့်ခွဲခြင်းများကို ရှင်းလင်းဆွေးနွေးသည်။

ထို့ပြင် အိမ်၊ ရုံး၊ ကျောင်း၊ ဈေးတို့မှ စားကြွင်းစားကျန်များ၊ မိလ္လာအညစ်အကြေးများ၊ သစ်ရွက်စို/သစ်ရွက်ခြောက် အမှိုက်များနှင့် အထွေထွေ စွန့်ပစ်ပစ္စည်းများ ထွက်ရှိကြကြောင်း၊ စက်မှုလက်မှုလုပ်ငန်းများမှ ပလတ်စတစ် အမှိုက်အပိုင်းအစများ၊ ပါကင်ပိတ်ပစ္စည်းအမျိုးမျိုး၊ ရက်လွန်ဓာတုပစ္စည်းများ၊ စွန့်ပစ်ရေဆိုးရေညစ်များနှင့် မီးခိုးဖုန်မှုန့်များ ထွက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ တိရစ္ဆာန်အညစ်အကြေးများ၊ စပါးခွံ၊ ကြံဖတ်၊ ပိုးသတ်ဆေးဘူးခွံများနှင့် ဓာတ်မြေဩဇာအိတ်ခွံများ၊ ထွက်ရှိကြောင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများမှ ကွန်တိန်နာ အပျက်အစီး၊ အထွေထွေစွန့်ပစ်အမှိုက်များ၊ စက်ဆီ/ချောဆီယိုစိမ့်မှုများ၊ ဖုန်နှင့် အမှုန်အမွှားများ ထွက်ရှိကြောင်း အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကြံခင်းမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

**ကြံခင်း နိုဝင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ အခြေခံပညာဦးစီးဌာနနှင့် ပူးပေါင်းကျင်းပသော မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကြံခင်းမြို့ အထက(၁) အောင်ကျော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ အထက(၁)ကျောင်းအုပ်ဆရာမကြီးဒေါ်အေးအေးမော်က ကျောင်းသား ကျောင်းသူများ အသိပညာ၊ အတတ်ပညာများနှင့် ပြည့်စုံစေရန် မိမိတို့ပတ်ဝန်းကျင်ရှိ သစ်တောသစ်ပင်များ၏ တန်ဖိုးအား သိရှိစေရေး အသိပညာပေး ဟောပြောခြင်းကို မှတ်သားကြရန် အဖွင့်အမှာစကားပြောကြားပြီး ဟင်္သာတခရိုင် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စွာဝင်းက မီးခိုးမြူငွေ့လျှော့ချရေး ဆိုင်ရာများနှင့် မြို့နယ် သစ်တောဦးစီးအရာရှိ ဦးစည်သူထက်က သစ်တောသစ်ပင်များ၏အကျိုးကျေးဇူးနှင့်သစ်တောပြုန်းတီးမှုကြောင့် ပြောင်းလဲလာသော ရာသီဥတုများ၏ ဆိုးကျိုးများနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ထိန်းသိမ်းကာကွယ်ရမည့် အချက်များကို အသိပညာပေး ဟောပြောကြသည်။



**လက်ကမ်းစာစောင်များဖြန့်ဝေ**

ဟောပြောပွဲသို့ ဟင်္သာတခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အထက (၁) မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူ ၂၀၃ ဦးတို့ တက်ရောက်ကြပြီး မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေ ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**


# ဂျီ - ၂၀ ထိပ်သီးဆွေးနွေးပွဲ၌ တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံဆွေးနွေး

**ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၁၉**

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့ဗ်တို့သည် နိုဝင်ဘာ ၁၈ ရက်က ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲပြင်ပတွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

**ထပ်လောင်းပြောကြား**

ယခုနှစ်သည် တရုတ်-ရုရှား သံတမန်ဆက်ဆံရေးထူထောင်သည့် (၇၅) နှစ်မြောက်နှစ်ဖြစ်ပြီး နှစ်နိုင်ငံအကြားတွင် ကဏ္ဍပေါင်းစုံ၌ ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရှိရကြောင်း တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ ပေါ်လစ်ဗျူရို အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည့် ဝမ်ယိက ပြောကြားသည်။ BRICS အဖွဲ့၏ ပူးပေါင်းဆောင်ရွက်ရေးစာမျက်နှာသစ်ကို ဖွင့်လှစ်သည့်အနေဖြင့် BRICS ထိပ်သီးဆွေးနွေးပွဲအား ရုရှားနိုင်ငံက အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအပေါ် ဂုဏ်ပြုကြောင်းနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့အကြား တရုတ်-ရုရှား ဆက်ဆံရေးကို မြှင့်တင်ရန်အတွက် ယင်းထိပ်သီးဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့ကြကြောင်း ဝမ်ယိက ပြောကြားသည်။ ထို့ပြင် တရုတ်နိုင်ငံသည် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှတစ်ဆင့် ရုရှားနိုင်ငံနှင့် ဆက်ဆံရေးမြှင့်တင်ရန် ဆောင်ရွက်မည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။



တရုတ်- ရုရှား ဆက်ဆံရေးသည် မမျှော်မှန်းနိုင်သည့် အဆင့်အထိ တိုးတက်အောင်မြင်ခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအတွက် ရည်မှန်းချက်သစ်များ ချမှတ်နိုင်ခဲ့ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့ဗ်က ပြောကြားသည်။ တရုတ်-ရုရှားနှစ်နိုင်ငံဆက်ဆံရေးသည် အပြန်အလှန်ယုံကြည်မှု၊ သာတူညီမျှရှိမှု၊ အပြန်အလှန်အကျိုးဆောင်ရွက်မှုနှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို ဆောင်ကြဉ်းမှုများအပေါ်တွင် အခြေခံထားကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ရုရှားနိုင်ငံက BRICS အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်ခြင်းကို တရုတ်နိုင်ငံက ထောက်ခံခဲ့ခြင်းအား ကျေးဇူးတင်ရှိပြီး ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းတွင် တရုတ်၏ သဘာပတိအဖြစ် ဆောင်ရွက်ခြင်းကိုလည်း ရုရှားနိုင်ငံက ထောက်ခံအားပေးမည်ဖြစ်ကြောင်း ဆာဂျီလက်ဗရော့ဗ်က ပြောကြားသည်။ **ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

# အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီ၌ လေထုအရည်အသွေး ကျဆင်း



**နယူးဒေလီ နိုဝင်ဘာ ၁၉**

အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီတွင် လေထုအရည်အသွေးကျဆင်းလာခဲ့ကြောင်း ယနေ့ ဆင်ဟွာသတင်းအရ သိရသည်။

နိုဝင်ဘာ ၁၉ ရက်၏ လေထုအရည်အသွေး အညွှန်းကိန်းသည် အဆင့် (၄၉၄) သို့ ရောက်ရှိကျဆင်းခဲ့သည်။

လွန်ခဲ့သည့် ရက်များအတွင်းက မြို့တော်အတွင်း လေထုအရည်အသွေး ဆက်တိုက်ကျဆင်းလာသဖြင့် ဆင်ခြေဖုံးဒေသများရှိ မူလတန်းနှင့် အလယ်တန်းကျောင်းများကို ပိတ်ထားခဲ့ရပြီး တက္ကသိုလ်နှစ်ခုရှိ စာသင်ကြားမှုစနစ်ကိုလည်း နိုဝင်ဘာ ၂၃ ရက်အထိ အွန်လိုင်းစနစ်ဖြင့် သင်ကြားရန် တာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။ နယူးဒေလီတွင် လေထုအရည်အသွေးကျဆင်းလာပြီး မြူနှင်းများထူထပ်စွာကျဆင်းလာခဲ့သဖြင့် မိုးလေဝသဌာနက လိမ္မော်ရောင် သတိပေးချက်ကို ထုတ်ပြန်ခဲ့ရသည်။ မြူနှင်းများကျဆင်းလာသဖြင့် လေယာဉ်နှင့် ရထားခရီးစဉ်အများအပြားကို ရပ်ဆိုင်းခဲ့ရသည်။ မြို့တော်နယူးဒေလီတွင် မြူနှင်းများကျဆင်းမှု လျော့ပါးစေရေးအတွက် မိုးအတု ဖန်တီးရွာသွန်းသင့်ကြောင်း သဘာဝပတ်ဝန်းကျင်ဝန်ကြီး ဂိုပယ်ရိုင်းလ်က ဝန်ကြီးချုပ်မိုဒီအား အကြံပြုခဲ့သည်။ နယူးဒေလီရှိ ဆေးရုံများတွင်လည်း လေထုညစ်ညမ်းမှုမှတစ်ဆင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါခံစားရသူအများအပြား တက်ရောက်ကုသခဲ့ရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

# အစ္စရေးနိုင်ငံအလယ်ပိုင်းကို လက်ဘနွန်စစ်သွေးကြွများက ဒုံးကျည်ဖြင့်တိုက်ခိုက်

**ဂျေရုဆလင် နိုဝင်ဘာ ၁၉**

အစ္စရေးနိုင်ငံ အလယ်ပိုင်းကို နိုဝင်ဘာ ၁၈ ရက်တွင် လက်ဘနွန်စစ်သွေးကြွများက ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့သဖြင့် ငါးဦး ထိခိုက်ဒဏ်ရာရရှိကာ တဲအဗစ်မြို့ရှိ လျှပ်စစ်ဓာတ်အားပေးစနစ်များ ထိခိုက်ပျက်စီးခဲ့ကြောင်း အစ္စရေးတာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါတိုက်ခိုက်မှုကြောင့် အစ္စရေးနိုင်ငံတွင် ဘေးကင်းရေးအတွက် အရေးပေါ်အချက်ပေးသံများ ဖုံးလွှမ်းသွားခဲ့ပြီး ပေါက်ကွဲသံများ ဆက်တိုက်ကြားခဲ့ရသည်ဟု ဒေသခံများက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုကြောင့် တဲအဗစ်မြို့ဆင်ခြေဖုံး ရာမတ်ဂန်ဒေသတွင် ဘတ်စ်ကားတစ်စီးနှင့် လျှပ်စစ်ဓာတ်အားပေးလိုင်းများအပါအဝင် ရုံးအဆောက်အအုံတစ်ခု ထိခိုက်ပျက်စီးခဲ့ကြောင်း လူမှုမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။ တဲအဗစ်ရှိ အဆောက်အအုံတစ်ခုအား ဒုံးကျည်တိုက်ရိုက်ထိမှန်ခဲ့သဖြင့် ပြိုကျခဲ့ကြောင်း သိရသည်။

ယင်းတိုက်ခိုက်မှုများအတွင်း အသက် ၅၄ နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးအပါအဝင် ဒေသခံများ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။ အဆိုပါ တိုက်ခိုက်မှုကြောင့် ဒေသများ၌ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပွားခဲ့သည်။

လက်ရှိအချိန်တွင် လက်ဘနွန်စစ်သွေးကြွများက အစ္စရေးနိုင်ငံအား တိုက်ခိုက်မှုများ ဆောင်ရွက်လျက်ရှိသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

# အင်ဒိုနီးရှားနိုင်ငံ၏ မြို့တော်ဟောင်း ဂျကာတာအား အထူးဒေသအဖြစ် သတ်မှတ်ကြေညာသည့်ဥပဒေပြဋ္ဌာန်း

**ဂျကာတာ နိုဝင်ဘာ ၁၉**

အင်ဒိုနီးရှားနိုင်ငံ၏ မြို့တော်ဟောင်းဖြစ်သည့် ဂျကာတာအား အထူးဒေသအဖြစ် သတ်မှတ်ကြေညာသည့်ဥပဒေကို ပါလီမန်က နိုဝင်ဘာ ၁၉ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

မိမိတို့သည် နိုင်ငံ၏ မြို့တော်သစ်အား နူဆန်တာရာသို့ ပြောင်းရွှေ့ခဲ့ပြီးဖြစ်သဖြင့် ဂျကာတာအား အထူးဒေသအဖြစ် သတ်မှတ်လိုက်ကြောင်း ပါလီမန်ဒုတိယဥက္ကဋ္ဌ အေဒီးကာဒါက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် ၎င်း၏ မြို့တော်သစ်အား လက်ရှိ ဂျကာတာမြို့မှ အရှေ့ကာလီမန်တန်ပြည်နယ်ရှိ နူဆန်တာရာမြို့သို့ ပြောင်းရွှေ့သတ်မှတ်ခဲ့သည်။

မြို့တော်သစ် နူဆန်တာရာအား လက်ရှိအချိန်တွင် တည်ဆောက်နေဆဲဖြစ်ကာ နိုင်ငံ့ဝန်ထမ်းများ ပြောင်းရွှေ့မှုကို ၂၀၂၅ ခုနှစ်အစပိုင်းတွင် စတင်ဆောင်ရွက်မည်ဖြစ်သည်။

ယခုကဲ့သို့ နူဆန်တာရာအား မြို့တော်သစ်အဖြစ်သတ်မှတ်ပြောင်းရွှေ့ရခြင်းမှာ ဂျကာတာမြို့၏ လူနေထူထပ်မှုနှင့် ယာဉ်ကြောပိတ်ဆို့မှုများကြောင့် ဖြစ်သည်ဟု အင်ဒိုနီးရှားသမ္မတဟောင်း ဂျိုကိုဝီဒိုဒိုက ပြောကြားသည်။ ဂျကာတာမြို့အား အထူးဒေသအဖြစ် သတ်မှတ်ခဲ့သော်လည်း ၎င်းသည် စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများ ဆက်လက်ပါဝင်ဆောင်ရွက်နေမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး မိုဟာမက် တီတို ကာနာဗီယန်က ပြောကြားသည်။



**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# အရှေ့အလယ်ပိုင်းဒေသ၌ နျူကလီးယားလက်နက်ကင်းစင်ရေးဇုန်တစ်ခုတည်ထောင်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တိုက်တွန်း




**ကုလသမဂ္ဂ နိုဝင်ဘာ ၁၉**

အရှေ့အလယ်ပိုင်းဒေသတွင် နျူကလီးယားလက်နက် ကင်းစင်ရေးဇုန်တစ်ခုတည်ထောင်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရပ်စ်က နိုဝင်ဘာ ၁၈ ရက်တွင် တိုက်တွန်းခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

ပြီးခဲ့သည့်ဆယ်စုနှစ်များကတည်းက ယင်းဇုန်တည်ထောင်ရန် ရည်မှန်းထားခဲ့သော်လည်း လက်ရှိအချိန်တွင် ဒေသတွင်းတင်းမာမှုများ မြင့်မားလာသဖြင့် အဆိုပါရည်မှန်းချက်ကို ချက်ချင်းအကောင်အထည်ဖော်ရန် အချိန်ကျရောက်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ဂါဇာဒေသတွင် လွန်ခဲ့သည့်တစ်နှစ်ခန့်မှစတင်၍ ပဋိပက္ခများဖြစ်ပွားခြင်းအပြင် လက်ဘနွန်နိုင်ငံတွင်လည်း တင်းမာမှုများတိုးမြင့်လာသဖြင့် သက်ဆိုင်ရာဒေသများရှိ ဒေသခံများ၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်မှုများပြားလာနေကြောင်း ၎င်းကပြောကြားသည်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ယင်းဒေသများတွင် အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများလွတ်မြောက်ရေးအတွက် ကူညီဆောင်ရွက်ကြရန် ဂူတာရပ်စ်က မှတ်ချက်ပြုပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆိုင်ကယ်အပိုပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များနှင့် ဆိုင်ကယ်များ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၁၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၄၉၁၃၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၉၅၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၅၈၆၃၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့အထွက် ကျိုင်းဖောင်းရွာအနီး လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ ဆိုင်ကယ်အပိုပစ္စည်းတစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင်၊ ဘုတ်ပြင်းခရိုင်နှင့် ထားဝယ်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ်သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေးမြို့အဝင် တံတားဦးအဝိုင်းအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၇၁၆၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၀၀၇၁၆၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင်နှင့် လပွတ္တာခရိုင်တို့၌ လိုင်စင်မဲ့ယာဉ်တစ်စီးနှင့် ဆိုင်ကယ်သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၅၀၀၀၀ ကိုသိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

ထို့ပြင် နိုဝင်ဘာ ၁၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်း၌ တရားမဝင်ကျွန်းသစ် ၄ ဒသမ ၅၀၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၆၅၄၅၆) ကို သစ်တောဥပဒေအရလည်းကောင်း၊ တောင်ငူခရိုင် တောင်ငူမြို့နယ်အတွင်း၌ လိုင်စင်မဲ့ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၆၅၄၅၆ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၂၀၈၉၁၆)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်စည်များ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေနိုင်သကဲ့သို့ စားသုံးသူပြည်သူလူထုအတွက် အသက်အန္တရာယ်ထိခိုက်မှုများ ဖြစ်ပေါ်စေနိုင်ပါသဖြင့် ယင်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင် ကျွန်း၊ သစ်မာနှင့် အခြားသစ် စုစုပေါင်း ၁၇၉ ဒသမ ၈၁၄၂ တန် သိမ်းဆည်းရမိ



နေပြည်တော် နိုဝင်ဘာ ၁၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၃ ဒသမ ၆၀၂၀ တန်၊ သစ်မာ ၁ ဒသမ ၆၃၉၀ တန်၊ အခြားသစ် ၁၇၄ ဒသမ ၅၇၃၂ တန် စုစုပေါင်း ၁၇၉ ဒသမ ၈၁၄၂ တန်၊ ယာဉ်/ ယန္တရား လေးစီး၊ တရားခံ ၁၃ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၀-၁၁-၂၀၂၄ ဗုဒ္ဓဟူးနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ တောဇ္ဈင်္ဂသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၄၀ | World Children Day 'အနာဂတ်ရဲ့ ကြယ်ပွင့်လေးများ' |
| ၀၉:၁၅ | မြန်မာနိုင်ငံရှိအသေးစားနှင့်အလတ်စား မိရိုးဖလာရေထွက်ကုန်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းများ၏အရည်အသွေးအာမခံစနစ် ဖွံ့ဖြိုးတိုးတက်ရေး |
| ၁၁:၁၅ | ကမ္ဘာတစ်လွှားအနုပညာသတင်းများ |
| ၁၁:၃၅ | ရွှယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၃:၀၅ | သီချင်းကြိုးပဒေသာ |
| ၁၃:၃၀ | MRTV National News |
| ၁၄:၄၅ | မျိုးဗီဇတင့်စေဆိုကရေးတီးအငွေ |
| ၁၅:၃၀ | Weekly Soccer Preview |
| ၁၆:၄၀ | မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေးနှစ် (၁၀၀)ပြည့် အထိမ်းအမှတ်စကားဝိုင်း ဆွေးနွေးပွဲ(အပိုင်း-၁) |
| ၁၇:၃၀ | ရှေ့သို့ချီမည်ပန်းတိုင်ဆီ |
| ၁၇:၄၅ | (၃၅)နှစ်မြောက်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကုလသမဂ္ဂကွန်ဗင်းရှင်းနှစ်ပတ်လည်နေ့ 'ကမ္ဘာ့ကလေးများနေ့' အထိမ်းအမှတ် Video Clip |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၀ | မြစ်ကျိုးသုံးသွယ် အသွင်သစ်(ရေ)(အပိုင်း-၂) |
| ၁၉:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ **'သူတောင်းပြည့်ကြယ်တာရာစတာလာ'** (အပိုင်း-၁၅) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၁:၁၀ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၂၁:၂၀ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၂၁:၃၅ | (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် ဆို၊က၊ရေး၊တီး ပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ) 'မဟာဇနကဇာတ်တော်ကြီး' (ပထမဆု) (မင်းနိုင်စိုးဇာတ်အဖွဲ့)(မွန်ပြည်နယ်) (ပထမပိုင်း) |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Dhamma Set Taw (Sein Lei Lei) |
| 07:08 | Myanmar Puppeteers (Tha Nge Taw Dance) |
| 07:18 | The Promising Aquarium Fish Farming in Myanmar |
| 07:46 | THE WUSHU ATHLETE |
| 07:55 | Universal Children's Day |
| 08:01 | News |
| 08:26 | Global Updates: How ice preserves history (DW) |
| 08:35 | Tour Around in Myeik Archipelago (Epi-2) Done Waterfall and Thayawthadangyi Island |
| 08:51 | Myanmar Childhood Games (Episode-2) |
| 09:01 | The Art of Sand Painting |
| 09:10 | Swiftlet BirdS (Aerodramus Fuciphagus) (Part-II) |
| 09:34 | Life of A Farmer |
| 10:01 | News |

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
သံပရာသီးအကြောင်းသိကောင်းစရာ

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
ဒေါင်လန်ပူးအလွန်မှ ဒီးလာဝါဇီကျေးရွာသို့(အပိုင်း-၁)

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ကယားမြေမှလန်းဆန်းသောပန်းကလေးများ

**စကောကရင် (၁၂:၀၀ မှ ၁၃:၀၀)**
တောင်အုန်းပူးတာလပေါ့

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
ကရင်စာပေစကားပြောကြရအောင်(အပိုင်း-၁၀)

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
မြတ်ဗုဒ္ဓဖြစ်တည်ရာဆန်းကြယ်မြင်ကွင်းဗုဒ္ဓဂယာ

**ချင်း (လိုင်းဇိုး) (၁၅:၀၀ မှ ၁၆:၀၀)**
ရသာချိုမြိန် ချင်းရိုးရာမျှစ်ဟင်းရည်ဘိုင်

**ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀)**
စံထားထိုက်တဲ့သူမ

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
မွန်ဘာသာစကားပြောကြရအောင် (အသီးအဝေါ်အဝေါ်)

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
အဆင်တူချည်တူမှညီမျှတဲ့သည့်မေတ္တာ (ရခိုင်ရိုးရာသမက်တက်ပွဲ)

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
နှစ်ပေါင်းရှည်ကြာတည်မြဲပါတဲ့အိုးလက်ရာ

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၄၅ | SPORTS MAX |
| ၁၁:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၉:၄၅ | Football Highlights |
| ၂၀:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၂၀:၃၀ | နိုင်ငံတကာသတင်း(LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ထိုင်းနိုင်ငံ) |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အာဟာရ' |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဗီယက်နမ်နိုင်ငံ) |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၁) |
| ၁၁:၃၀ | ရှေ့သို့ချီမည်...ပန်းတိုင်ဆီ(အပိုင်း-၅၇) |

### MRTV FARMERS' / HTV Channel

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၁၀ | တန်ဖိုးမြင့်ထုတ်ကုန် ဖွဲနှဆီအစွမ်း |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ |
| ၁၉:၁၀ | How No-Till Changes a Farm |
| ၁၉:၄၅ | International Music Hits |
| ၂၀:၀၀ | ဆံပင်အတုနဲ့ မေခင်ဂျူပု(ဇာတ်လမ်း) |
| ၂၂:၀၀ | Thirteen Lives (နိုင်ငံခြားဇာတ်လမ်း) |

### MRTV SPORTS / HTV Sports

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၅၀ | Sports Diary |
| ၀၇:၄၀ | Weekly MNL Review |
| ၁၇:၀၀ | အားကစားသတင်း |
| ၁၈:၀၀ | E Sports |

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# လက်နက်ကိုင်အကြမ်းဖက်သမားများက ခရီးသည်တင်မော်တော်ယာဉ်အား Drone အသုံးပြု၍ Drop Bomb ဖြင့် ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့ ခရီးသွားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရ

**နေပြည်တော် နိုဝင်ဘာ ၁၉**

လက်နက်ကိုင် အကြမ်းဖက်သမားများသည် အပြစ်မဲ့အရပ်သား ပြည်သူများ နေထိုင်ရာမြို့၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တိုက်ပွဲများ ဖော်ဆောင်ခြင်း၊ ခရီးသည်တင်မော်တော်ယာဉ်များအား လက်နက်ကြီး၊ ရှော့တိုက်ဒုံး၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။



ကန့်ဘလူမြို့နယ် ပေကြီးကျေးရွာ၌ ခရီးသည်တင်မော်တော်ယာဉ်အား PDF အမည်ခံ အကြမ်းဖက်အဖွဲ့က Drop Bomb ဖြင့် ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ ခရီးသွားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံများ။

**Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်**

ထိုသို့ လုပ်ဆောင်လျက်ရှိရာ နိုဝင်ဘာ ၁၈ ရက် ညနေ ၅ နာရီ ၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ဗုံးသီးပေါက်ကွဲစ ထိမှန်ဒဏ်ရာများဖြင့် သေဆုံး၊ ထိခိုက် ဒဏ်ရာရရှိသူများ ရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ကသာ-မန္တလေး ပြေးဆွဲသည့် "ငွေအိုးမန်း" ခရီးသည်တင်မော်တော်ယာဉ်သည် စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့မှ မန္တလေးမြို့သို့ မောင်းနှင်ထွက်ခွာလာစဉ် ကန့်ဘလူမြို့နယ် ပေကြီးကျေးရွာအနီးအရောက် PDF အမည်ခံ အကြမ်းဖက်အဖွဲ့က Drone အသုံးပြု၍ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့ရာ မော်တော်ယာဉ်အနီးသို့ Drop Bomb တစ်လုံး ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသွားပြည်သူများအနက် မအိန္ဒြာမိုး(၄)နှစ်တွင် ဗုံးသီးပေါက်ကွဲစထိမှန် ဒဏ်ရာများရရှိကာ သေဆုံးခဲ့ပြီး ဒေါ်ခင်ငွေး(၅၇)နှစ်၊ ဒေါ်ငြိမ်းစံပယ်(၃၀)နှစ်၊ ဒေါ်ယဉ်ထွေး(၃၃)နှစ်၊ မောင်သီဟနိုင်(၃)နှစ်တို့တွင် ဗုံးသီးပေါက်ကွဲစထိမှန် ဒဏ်ရာများရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ အပြစ်မဲ့အရပ်သား ပြည်သူများ အေးချမ်းစွာ နေထိုင်လျက်ရှိသော မြို့၊ ရပ်ကွက်၊ ကျေးရွာအတွင်းသို့ အကြမ်းဖက်သမားများကတိုက်ပွဲများဖော်ဆောင်ခြင်း၊ ခရီးသည်တင်မော်တော်ယာဉ်များအား လက်နက်ကြီး၊ ရှော့တိုက်ဒုံး၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်မှုကြောင့် အပြစ်မဲ့ ပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့မှုအပေါ် ဒေသခံပြည်သူများက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ဆန့်ကျင်ကန့်ကွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ပြည်သူလူထုနှင့် ပူးပေါင်းကာ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကန့်ဘလူမြို့နယ်တွင် ခရီးသွားယာဉ်ပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် ပစ်ခတ်မှုကြောင့် ဘုန်းကြီးတစ်ပါးနှင့် ပြည်သူလေးဦး သေဆုံးသည်ဟု သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ရွှေဘို-မြစ်ကြီးနား ကားလမ်း ခရီးသွားယာဉ်ပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် ပစ်ခတ်၍ ဘုန်းကြီးတစ်ပါးအပါအဝင် ပြည်သူလေးဦး သေဆုံးသည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ကန့်ဘလူမြို့နယ်အတွင်း တာဝန်ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ ဆက်သွယ်မေးမြန်းခဲ့ရာ နိုဝင်ဘာ ၁၈ ရက် ညနေပိုင်းတွင် ကသာ-မန္တလေးပြေးဆွဲသည့် "ငွေအိုးမန်း" ခရီးသည်တင်မော်တော်ယာဉ်သည် စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့မှ မန္တလေးမြို့သို့ မောင်းနှင်ထွက်ခွာလာစဉ် ကန့်ဘလူမြို့နယ် ပေကြီးကျေးရွာအနီးအရောက် PDF အမည်ခံအကြမ်းဖက်အဖွဲ့က Drone အသုံးပြု၍ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့ရာ မော်တော်ယာဉ်အနီးသို့ Drop Bomb တစ်လုံး ကျရောက် ပေါက်ကွဲခဲ့မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသွားပြည်သူလေးဦး ဗုံးသီးပေါက်ကွဲစထိမှန်ဒဏ်ရာများ ရရှိခဲ့ပြီး အသက်(၄) နှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

**ရေးသားဖြန့်ဝေ**

ထိုသို့ အကြမ်းဖက်သမားများ၏ လူမဆန်သော အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ဆောင်ခဲ့သည်ဟု ဖြစ်စဉ်လွဲမှားစွာ ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။




**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၁၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၁၀ | ၃၀၉၀ | ၃၀၆၅ | ၃၀၂၀ | ၃၀၉၀ | ၃၁၀၅ | ၃၁၁၅ | ၃၀၇၀ | ၄၅၀၅ | ၃၂၂၅ | ၃၀၈၀ | ၃၀၉၅ | ၃၁၂၅ | ၃၁၁၅ | ၃၁၃၀ | ၃၅၃၀ | ၄၀၀၀ |
| 95 Ron | ၃၂၀၀ | ၃၂၈၅ | ၃၂၆၀ | ၃၂၁၀ | ၃၂၈၅ | ၃၂၉၅ | ၃၃၁၀ | ၃၂၆၅ | ၄၅၆၀ | ၃၄၂၀ | ၃၂၇၀ | ၃၂၈၅ | ၃၃၂၀ | ၃၃၀၅ | ၃၃၂၀ | ၃၇၂၅ | ၄၁၅၀ |
| HSD (500 ppm) | ၂၆၆၅ | ၂၇၄၅ | ၂၇၂၀ | ၂၆၇၀ | ၂၇၄၅ | ၂၇၅၅ | ၂၇၇၀ | ၂၇၂၅ | - | ၂၈၀၀ | ၂၇၃၅ | ၂၇၅၀ | ၂၇၈၀ | ၂၇၇၀ | ၂၇၈၀ | ၃၀၈၅ | ၄၀၀၀ |
| HSD (50 ppm) | ၃၃၁၀ | ၃၃၉၀ | ၃၃၆၅ | ၃၃၂၀ | ၃၃၉၅ | ၃၄၀၅ | ၃၄၂၀ | ၃၃၇၅ | ၄၈၃၀ | ၃၅၃၀ | ၃၃၈၀ | ၃၃၉၅ | ၃၄၃၀ | ၃၄၁၅ | ၃၄၃၀ | ၃၈၃၅ | - |
| HSD (10 ppm) | ၃၃၁၀ | ၃၃၉၀ | ၃၃၆၅ | ၃၃၂၀ | ၃၃၉၅ | ၃၄၀၅ | ၃၄၂၀ | ၃၃၇၅ | - | ၃၅၃၀ | ၃၃၈၀ | ၃၃၉၅ | ၃၄၃၀ | ၃၄၁၅ | ၃၄၃၀ | ၃၈၃၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၅၃ | ၂၉၄၃ |
| 95 Ron | ၃၀၃၉ | ၃၁၃၃ |
| HSD (500 ppm) | ၂၅၁၆ | ၂၅၉၆ |
| HSD (50 ppm) | ၃၁၄၄ | ၃၂၃၇ |
| HSD (10 ppm) | ၃၁၄၄ | ၃၂၃၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ဝ၆၇- ၄၁၁၃၇၃၊ ဝ၉-၂၅၄၆၂၅၄၇၇

ဝ၆၇- ၄၁၁၂၈၂၊ ဝ၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တိုက်ကြီးမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြော

**တိုက်ကြီး နိုဝင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မြို့မ(၃)၌ ကျင်းပသည်။

ဦးစွာ တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန္ဒီဝင်းက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိဦးသန်းစိုးနိုင်က မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားကာ တက်ရောက်လာကြသူများအား မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ဟောပြောပွဲသို့ တာဝန်ခံ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူ ၁၀၅ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး**



# ကျွန်တော်ချစ်သော သမဝါယမကောလိပ်များ

မြင့်စိုး(နတလ)

### ကောလိပ်များကို ချစ်ရသည့်အကြောင်းရင်း

ခေါင်းစဉ်မှာကိုက ကျွန်တော်ချစ်သောဆိုသည့် ဝေါဟာရနှင့် အစပျိုးလိုက်မိပြီးသကာလ ချစ်ရသော အကြောင်းရင်းကို ထင်းလင်းစွာရှင်းပြရန် အလိုလို တာဝန်ရှိလာချေပြီတမုံ့။ သမဝါယမကောလိပ် (မန္တလေး)၊ သမဝါယမကောလိပ် (ဖောင်ကြီး)ကို ရောက်ဖူးသူများ၊ ထိုကောလိပ်များ၌ တာဝန်ထမ်းဆောင်ခဲ့သော ဆရာ ဆရာမများနှင့် ဝန်ထမ်းများ၊ ပုဏ္ဏာရိုက်တန်း၊ ပျားအုံလမ်းနှင့် ရန်ကင်းတောင်ခြေမှာနားခိုရင်း ပညာရည်နို့သောက်စို့ခဲ့ကြဖူးသော ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့်မူ ကျွန်တော်ချစ်ရသည့် အကြောင်းရင်းကို ကြိုတင်သိနှင့်ပြီး ဖြစ်ပါလိမ့်မည်။ သမဝါယမကောလိပ်များ၏ ထူးခြားသောပရိဝုဏ်ကို ကျွန်တော်ချစ်သည်။ ထိုကောလိပ်များ၏ ဖြစ်တည်လာမှုသမိုင်းကြောင်းနှင့် အစဉ်အလာကောင်းများကို ကျွန်တော်ချစ်သည်။ ထိုကောလိပ်များ ဖွင့်လှစ်သင်ကြားရခြင်း၏ ရည်ရွယ်ချက်နှင့် တည်ထောင်ခဲ့သူများ၊ ဆရာကြီး ဆရာမကြီးများ၏ ထက်သန်မွန်မြတ်သော စိတ်ရင်းစေတနာကို ကျွန်တော်ချစ်သည်။ ဤသည်တို့ကား သမဝါယမကောလိပ်များအပေါ် ကျွန်တော်ချစ်ရသော အကြောင်းရင်းများစွာထဲက အချို့အဝက်မျှသာတည်း။

### ရန်ကင်းတောင်ခြေက သမဝါယမကောလိပ်(မန္တလေး)သို့ အဝင်

ဤကောလိပ်ဝင်းအတွင်းသို့ ကျွန်တော်သုံးခေါက်ရောက်ဖူးခဲ့ပါပြီ။ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ခြေတွင် တည်ရှိပြီး မန္တလေးမြို့မှ ခုနစ်မိုင်၊ ပုသိမ်ကြီးနှင့် နှစ်မိုင် ကွာဝေး၏။ ရန်ကင်းတောင်၏ အရိပ်အာဝါသကိုမှီခိုနေပြီး ဥယျာဉ်ပရိယတ္တိစာသင်တိုက်ကြီးနှင့်လည်း နီးနီးကပ်ကပ် တည်ရှိနေသောကြောင့် သမဝါယမကောလိပ်(မန္တလေး) အနေဖြင့် အေးချမ်းမှုအရိပ်စစ်ကို ပိုင်ဆိုင်ခွင့်ရနေသည်ဟု ဆိုရသော် မမှားတန်ရာ။ ဥယျာဉ်ကျောင်းပိုင်မြေကို ကောလိပ်အဝင်လမ်းအဖြစ် အသုံးပြုခွင့်ရခဲ့သလို မိမိတို့ဘက်ကလည်း တိုင်းသမဝါယမသင်တန်းကျောင်း စတင်ဖွင့်လှစ်သည့်အချိန်မှစ၍ ဥယျာဉ်ကျောင်းကို လျှပ်စစ်မီးပေးလှူခဲ့ကြောင်း သိရသည်။ ကတညုတ ကတဝေဒီဆိုသည့်ဘုရားဟောနှင့်အညီ ကောလိပ်ကျောင်း၏ စုပေါင်းအလှူအဖြစ် ဥယျာဉ်ပရိယတ္တိစာသင်တိုက်အတွင်း၌ 'သမဝါယမသုခ' အမည်ရ တစ်ပါးနေကျောင်းဆောင်လေးကို ဆောက်လုပ်လှူဒါန်းထားသကဲ့သို့ ဥယျာဉ်ပရိယတ္တိစာသင်တိုက်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ်တို့၏ အဓိပတိ၊ ပဓာနနာယက ဆရာတော် ဒေါက်တာဘဒ္ဒန္တဓေါတိက ကလည်း ငြိမ်းချမ်းစွာနေထိုင်နည်း ဝိပဿနာတရားတော်မြတ်ကို အပတ်စဉ် ချီးမြှင့်ဟောကြားတော်မူခဲ့ကြောင်း သိရသည်။ ဆရာတော်၏ တရားများကို မနာခဲ့ဖူးသော်ငြားလည်း သမဝါယမကောလိပ်(မန္တလေး) ကျောင်းအုပ်ကြီး ဒေါက်တာတင်မူအေး ထံမှတစ်ဆင့် ပြန်လည်ကြားနာခွင့်ရလိုက်သည့် တရားတစ်ပိုဒ်ကမူ နှစ်ပေါင်းများစွာ ကျွန်တော်ခံယူကျင့်သုံးနေသော ကိုယ်ကျင့်တရားနှင့်ပတ်သက်သည့် အရာတစ်ခုကို ပြောင်းလဲသွားစေခဲ့ပါသည်။ အခြားမဟုတ်ပါ၊ ချစ်ခြင်း မုန်းခြင်းကင်းအောင် နေထိုင်နိုင်ခြင်းကို ဥပေက္ခာတရားဟု ကျွန်တော်က ယူဆထားခဲ့မိ၏။

ဆရာတော် ဒေါက်တာဘဒ္ဒန္တဓေါတိကသည် သမဝါယမကောလိပ်(မန္တလေး) ဓမ္မာရုံသို့ တနင်္လာနေ့တိုင်း ကြွရောက်ကာ ဝိပဿနာတရားတော်မြတ်များကို နှစ်ပေါင်းများစွာ ဟောကြားလာခဲ့ခြင်းဖြစ်သည်။ ဆရာတော်၏ တရားများထဲမှ **ငြိမ်းချမ်းဖို့အတွက် အများနဲ့နေရင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားလေးပါးနဲ့နေ၊ တစ်ယောက်တည်းနေရင် ဝိပဿနာနဲ့နေ၊ ငါ့ကို အကြောင်းပြုပြီး ဆင်းရဲခြင်းမဖြစ်ပါစေနဲ့၊ ချမ်းသာပါစေဆိုတဲ့စိတ်က မေတ္တာ၊ သူတစ်ပါးမှာရှိတဲ့ အားနည်းချက်ကို ဖြည့်ဆည်းလိုစိတ်၊ ဆင်းရဲကို ဖယ်ရှားပေးလိုစိတ်က ကရုဏာ၊ ကိုယ့်ထက်သာတာကို မနာလိုစိတ်မရှိဘဲ ဝမ်းသာနိုင်တဲ့စိတ်က မုဒိတာ၊ သူတစ်ပါး၏ ကောင်း၊ ဆိုး အပြုအမူပေါ်မှာ မတွယ်တာဘဲ လျစ်လျူရှုနိုင်တာ ဥပေက္ခာ၊ ကိုယ့်အပေါ်မှာ ကောင်းတဲ့အပြုအမူကို အမှတ်ထားရင် တဏှာ သံယောဇဉ်ဖြစ်တတ်ပြီး မကောင်းတဲ့ အပြုအမူကိုအမှတ်ထားရင်ဒေါသဖြစ်တတ်တယ်**ဆိုသည့် တရားက ကျွန်တော့်စိတ်ကို ပြုပြင်ပေးသွားခဲ့သည်။ ချစ်ခြင်း မုန်းခြင်းကင်းရုံနှင့်မရ၊ ကောင်းခြင်းရော မကောင်းခြင်းပါ တွယ်တာမှုမရှိ၊ ယတိပြတ် စွန့်ပယ်နိုင်မှ ဥပေက္ခာတရားအစစ် ဖြစ်ပေလိမ့်မည်တကား။

### သမဝါယမကောလိပ်(ဖောင်ကြီး) ဆိုသည်မှာ

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မင်းကုန်းအုပ်စု မင်းကုန်းကျေးရွာအနီး လှည်းကူးမြို့၏ မြောက်ဘက် မိုင် ၂၀ အကွာ၊ ရန်ကုန်မြို့မှ လာလျှင် အမြန်လမ်းမကြီး မပေါ်ပေါက်မီက မိုင် ၅၀ အကွာ၊ ယခုအမြန်လမ်းအတိုင်း မိုင် ၂၀ စွန်းစွန်းက ချိုးဝင်နိုင်သောနေရာမှာ အေးချမ်းစွာ၊ ငြိမ်းချမ်းစွာ၊ စိမ်းလန်းစွာ တည်ရှိနေပါသည်။ ဤနေရာမှာ သမဝါယမကောလိပ်(ဖောင်ကြီး) ဖြစ်လာစေရန်အတွက် မူလဘူတဖြစ်သော "ဗဟိုသမဝါယမသင်တန်းကျောင်း" နေရာအဖြစ် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးစိန်ထွန်းကိုယ်တိုင် ၁၉၈၂ ခုနှစ် နှစ်ဦးပိုင်းမှာ သွားရောက်ကြည့်ရှုလေ့လာ၍ ရွေးချယ်သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဗဟိုသမဝါယမ သင်တန်းကျောင်းဆောက်လုပ်ပြီးပါက တစ်နိုင်ငံလုံးရှိ သမဝါယမအသင်းအမှုဆောင်များ၊ ဝန်ထမ်းများအားလုံးကို အရည်အသွေးမြှင့်တင်ပေးရန်အပြင် သမဝါယမလယ်ယာအသင်းများ၊ ကုန်ထုတ်အသင်းများအား သင်တန်းပေးရာ၌ လက်တွေ့ပြသနိုင်မည့် စံပြလယ်ယာစိုက်ခင်းကြီးများ၊ မွေးမြူရေးခြံကြီးများ၊ ကြိမ်၊ ဝါးထုတ်လုပ်ရေးလုပ်ငန်းများ၊ အုတ်ဖုတ်လုပ်ငန်းများပါ ထားရှိနိုင်ရေးအတွက် မြေကေကျယ်ကျယ်ဝန်းဝန်းရရှိရေး နိုင်ငံတော်က ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ သစ်ကြီးဝါးကြီးများ ပေါက်ရောက်နေသော နေရာဖြစ်၍ ရှင်းလင်းရေးတာဝန်ကို ထိုစဉ်က လှည်းကူးမြို့နယ် သမဝါယမဦးစီးဌာနမှူး ဦးသန်းမောင်က ဦးစီးဆောင်ရွက်ခဲ့ရသည်။

သင်တန်းကျောင်း၏ အဆောက်အအုံများ ဆောက်လုပ်ခဲ့ရာတွင်လည်း ဂုဏ်ယူစရာကောင်းသည်မှာ ဆောက်လုပ်ရေးသမဝါယမအသင်းများ ကိုယ်တိုင်တာဝန်ယူ၍ ဆောက်လုပ်ခဲ့ကြခြင်းဖြစ်သည်။ အဆောက်အအုံများ ပုံထုတ်ခြင်းကို ဗိသုကာကုန်ထုတ်သမဝါယမအသင်းက လည်းကောင်း၊ သင်တန်းကျောင်းဆောက်လုပ်ခြင်းကို မြို့ပြအင်ဂျင်နီယာဆောက်လုပ်ရေး သမဝါယမအသင်းကလည်းကောင်း တာဝန်ယူခဲ့ကြသည်။ ရေနှင့် မိလ္လာအတွက်လည်း နတ်မောက်စက်မှုလက်မှုအထက်တန်းကျောင်း ဆရာ ဆရာမများဖြင့် ဖွဲ့စည်းထားသော နတ်မောက်ရေသန့် သမဝါယမအသင်းကို တာဝန်ပေးခဲ့သည်။ လျှပ်စစ်မီးလိုင်းသွယ်တန်းရေးကိစ္စကိုမူ မိုးကြိုးလျှပ်စစ်အင်ဂျင်နီယာ သမဝါယမအသင်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရ၏။ ဝန်ကြီး ဦးစိန်ထွန်းကိုယ်တိုင် တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ခဲ့ပြီး တစ်နှစ်ကျော်ကာလအတွင်း ပြီးစီးခဲ့သည်။ သမဝါယမကောလိပ်(ဖောင်ကြီး)၌ ထည်ထည်ဝါဝါ ခံ့ခံ့ညားညား တွေ့မြင်နေရသော၊ တိုင်တစ်လုံးမှမပါသော ပေ (၁၂၀ x ၇၀) Dome ခန်းမသည်ပင်လျှင် ဝန်ကြီး ဦးစိန်ထွန်း၏ စိတ်ကူးစိတ်သန်း ဖြစ်ပေလိမ့်မည်။ သင်တန်းကျောင်း စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်ပန်းမန်အလှဆင်ရေးနှင့် သင်တန်းကျောင်းအဝင်လမ်း သစ်ပင်ကြီးများ စိုက်ပျိုးရေးအတွက် ဒေါ်ဝင်းစိန် (ပါမောက္ခ-ငြိမ်း)ကို တာဝန်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကျောင်းကို "ဗဟိုသမဝါယမသင်တန်းကျောင်း" ဟု ခေါ်တွင်စေပြီး ၁၉၈၃ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖွင့်လှစ်ခဲ့သည်။ ပထမဆုံးကျောင်းအုပ်ကြီးမှာ ဦးတင်ဝင်းဖြစ်ပြီး သင်တန်းနည်းပြဆရာ ဆရာမများအတွက် လာရောက်ပူးပေါင်းဖွင့်လှစ်သော ပြည်လမ်း ခြောက်မိုင်ခွဲ သမဝါယမသင်တန်းကျောင်းမှ ဆရာ ဆရာမများကို အမာခံထား သင်ကြားစေခဲ့သည်။ ထိုအချိန်က ပြည်နယ်၊ တိုင်းအလိုက် သမဝါယမသင်တန်းကျောင်းများကို သတ်မှတ်ဖွင့်လှစ်ပေးခဲ့ရာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အတွက် စစ်ကိုင်းသမဝါယမသင်တန်းကျောင်း (ယခု သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်-စစ်ကိုင်း)၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်အတွက် တောင်ကြီးသမဝါယမသင်တန်းကျောင်း (ယခု သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း-တောင်ကြီး)၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးအတွက် ပုသိမ်ကြီး သမဝါယမသင်တန်းကျောင်း (ယခု သမဝါယမကောလိပ်-မန္တလေး) ဖွင့်လှစ်ထားပြီး မကွေးနှင့် မန္တလေးမြို့တို့တွင်လည်း **စာမျက်နှာ ၁၇ သို့** ❖


သမဝါယမကောလိပ်(ဖောင်ကြီး) အဝင်မုခ်ဦးနှင့် ကျောင်းသား ကျောင်းသူလေးများကို တွေ့ရစဉ်။

**❝ သမဝါယမလုပ်ငန်းများသည် နိုင်ငံ့စီးပွားရေး၏ ဒုတိယမဏ္ဍိုင်အဖြစ် သတ်မှတ်ခဲ့သော အချိန်ကာလများရှိခဲ့ဖူးသည်။ လွတ်လပ်ရေးရပြီး ပါလီမန်ဒီမိုကရေစီခေတ်တွင် ပရိုကိုးဟုခေါ်သော ကုန်ထုတ်သမဝါယမများ၊ ကွန်ကိုးဟုခေါ်သည့် စားသုံးသူသမဝါယမအသင်းများ ထင်ရှားခဲ့သည်။ သမဝါယမကျေးလက်မီးလင်းရေးလုပ်ငန်းများ၊ ရေပေးရေးလုပ်ငန်းများ၊ သမဝါယမဆေးရုံ၊ သမဝါယမဟိုတယ်လုပ်ငန်း၊ သမဝါယမဘဏ် စသည်တို့ရှိခဲ့ဖူးသည်။ သမဝါယမတွင် ကောင်းမွန်သော သဘောတရားများရှိသည်။ ခေတ်မီသော စီမံခန့်ခွဲမှုပညာရပ်များကိုလည်း တတ်မြောက်ရမည်။ စဉ်ဆက်မပြတ် ပညာရေးလုပ်ငန်းစဉ်လည်းရှိ ❞**



သမဝါယမကောလိပ်(မန္တလေး)၏ စာကြည့်တိုက်ကို တွေ့ရစဉ်။

❖ စာမျက်နှာ ၁၆ မှ

သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာ သင်တန်းကျောင်း တစ်ကျောင်းစီ ဖွင့်လှစ်ထားပါသည်။ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး အတွက် မော်လမြိုင်သမဝါယမ သင်တန်းကျောင်း (ယခု သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေး ပညာသင်တန်းကျောင်း – မော်လမြိုင်)၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွက် ပုသိမ်သမဝါယမသင်တန်းကျောင်း (ယခု သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်း–ပုသိမ်)၊ ရန်ကုန်တိုင်းဒေသကြီး အတွက် သန်လျင်သမဝါယမသင်တန်းကျောင်း (ယခု သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်–သန်လျင်)နှင့် ပဲခူးတိုင်းဒေသကြီးအတွက် ပဲခူး သမဝါယမသင်တန်းကျောင်းတို့ကိုလည်း ဖွင့်လှစ်ပေးခဲ့သည်။



အညာတမာရိပ်အောက်မှာ စာပေလေ့လာနေသော ကျောင်းသား ကျောင်းသူလေးများကို တွေ့ရစဉ်။

**ကျောင်းဆောင်လေးတွေက စီစီရီရီ**

ဇဟိုသမဝါယမသင်တန်းကျောင်း၊ သမဝါယမ သင်တန်းကျောင်းများအဖြစ် မွေးဖွားလာခဲ့ရာမှ ၁၉၉၄ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် သမဝါယမဒေသ ကောလိပ်(မန္တလေး)ကို စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၄ ခုနှစ် ဇွန်လ ၁၅ ရက်နေ့တွင် သမဝါယမကောလိပ် (မန္တလေး) ဖြစ်လာခဲ့သည်။ သမဝါယမကောလိပ် (ဖောင်ကြီး)၏ သမိုင်းကြောင်းကမူ ကနဦးဖော်ပြခဲ့သည့်အတိုင်း ၁၉၈၃ ခုနှစ် ဒီဇင်ဘာလတွင် ဇဟိုသမဝါယမသင်တန်းကျောင်း အဖြစ်လည်းကောင်း၊ ၁၉၉၄ ခုနှစ် ဇွန်လ ၂၀ ရက်နေ့တွင် ဇဟိုသမဝါယမ ကောလိပ်အဖြစ် လည်းကောင်း၊ ၂၀၀၄ ခုနှစ် ဇွန်လ ၁၅ ရက်နေ့တွင် သမဝါယမကောလိပ်(ဖောင်ကြီး)



သမဝါယမကောလိပ်(ဖောင်ကြီး)၏ စာသင်ဆောင်များကို တွေ့ရစဉ်။

အဖြစ်လည်းကောင်း ပြောင်းလဲလာခဲ့ကြခြင်း ဖြစ်သည်။ အစဉ်အဆက် တာဝန်ရှိသူများအနေဖြင့် သမဝါယမသင်တန်းကျောင်းများ ဖွင့်လှစ်ရန် စဉ်းစားစဉ်ကတည်းက သမဝါယမလုပ်ငန်းစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် ရည်ရွယ်သကဲ့သို့ ကောလိပ်အဆင့်မှသည် ပိုမိုမြင့်မားသောအဆင့်တစ်ခုအထိ ဖြစ်ပေါ်လာနိုင်သည်ကို ရည်မှန်း၍ မြေနေရာအကျယ်အဝန်းနှင့် ကျောင်းဆောင် အရေအတွက်တို့ကို လုံလုံလောက်လောက် တည်ဆောက်ပေးခဲ့ကြကြောင်း တွေ့ရသည်။

သမဝါယမကောလိပ်(မန္တလေး)၏ အဆောင်နာမည်လေးတွေက အညာဆန်သလို နောက်တိုးဆောင်ဖြစ်သည့် အာရ်စီသုံးထပ်ပင်မ စာသင်ဆောင်ကြီးနှင့် ကျောင်းအုပ်ကြီး၊ ဒု–ကျောင်းအုပ်ကြီး နေအိမ်များ၊ ဝန်ထမ်းအိမ်ရာများကလွဲ၍ အဆောင်အားလုံး နာမည်ကိုယ်စီရှိနေကြသည်။ ကြည့်လေ–အင်းဝဆောင်၊ ထီလာဆောင်၊ မကွေးဆောင်၊ မန္တလာဆောင်နှင့် ပန်းရိုးမဆောင်ဟု အမည်ပေးထားသည့် စာသင်ဆောင်များ၊ ရတနာပုံဆောင် အမည်ရကျောင်းအုပ်ကြီးရုံးခန်း၊ စုဝေးခန်းမအမည်က ရန်ကင်းဆောင်၊ မွှာရုံက အောင်ပင်လယ်ဆောင်၊ Language Lab က ရောဆောင် စသည်ဖြင့် မှည့်ခေါ်ထားသည်။ ကျောင်းသားရေးရာရုံးခန်းနှင့် ကွန်ပျူတာခန်းသည်ပင်လျှင် တကောင်းဆောင်ဆိုသည့် ခံ့ခံ့ညားညားအမည်နှင့် တွေ့ရသည်။ ပင်းယ အမည်ရှိ ကျောင်းသားအိပ်ဆောင် တစ်ဆောင်နှင့် ဇလပ်ဝါ၊ ပိတောက်၊ စံကားဝါ၊ ဇီဇဝါဟု မှည့်ခေါ်ထားသော ကျောင်းသူအိပ်ဆောင် လေးဆောင်လည်း ရှိနေပေသည်။ တစ်ထပ်စတိုဆောင်လေးသည်ပင်လျှင် ငုဝါဆောင်ဟူသောအမည်ကို ရယူထား၏။

သမဝါယမကောလိပ်(ဖောင်ကြီး) သည်လည်းပဲ အနှစ်သာရရှိရှိ ပေးထားသောအမည်များနှင့် ပန်ရလှသည်။ ကမ္ဘောဇ၊ အင်းဝ၊ ဒဂုံနှင့် ဥဿာဟု အမည်ပေးထားသော ကျောင်းသားအိပ်ဆောင်များ၊ ယုဝတီ၊ ရတနာပုံ၊ သလ္လာဝတီ၊ ဧည့ဝတီအမည်ရ ကျောင်းသူအိပ်ဆောင်များ၊ ကံ့ကော်ဆောင်ဟု အမည်ပေးထားသော စာသင်ဆောင်၊ သီရိဆောင်ဟု ခေါ်တွင်နေသည့် ဆရာမများ၏ အဆောင်တို့ကို တွေ့ရမည်ဖြစ်သလို ဆရာ ဆရာမများ၏ ဝန်ထမ်းအိမ်ရာကိုလည်း နဝရတ်ဆောင်ဟု အမည်ပေးထားပါသည်။

**သမဝါယမကောလိပ်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်**

သမဝါယမတက္ကသိုလ်၊ ကောလိပ်များမှ အမျိုးသားရေးစိတ်ဓာတ်နှင့် လူမှုရေးစိတ်ဓာတ် အခြေခံပြည့်ဝသော သမဝါယမစီးပွားရေးပညာတတ်များ မွေးထုတ်ပေးရန် ဖြစ်ပါသည်။ ရည်ရွယ်ချက် ပေါက်မြောက်အောင်မြင်ရေးအတွက် မူဝါဒ၊ လုပ်ငန်းစဉ်များကို မှန်ကန်စွာ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ သမဝါယမပညာရေး (Cooperative Education) ဆိုသည်မှာ စာသင်ခန်းကို အခြေပြုသောပညာရေးနှင့် လက်တွေ့လုပ်ငန်းခွင်အတွေ့အကြုံတို့ ပေါင်းစပ်ထားသော နည်းစနစ်ဟူ၍လည်း အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ သမဝါယမပညာ လေ့လာသင်ယူရာတွင် ပေါင်းစည်းလေ့လာသင်ယူရမည့်သဘော ဖြစ်ပါသည်။ သည့်အတွက် သမဝါယမပညာရေးတွင် သင်ကြားရေး အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များသည် မိတ်ဖက်အဖွဲ့အစည်းများဖြစ်နေရန်လည်း လိုအပ်ပေသည်။ ယခုအခါ ထိုအခြေခံသဘောတရားကို သမဝါယမစာရင်းရေးစာရင်းကိုင်ပညာ သင်တန်းကျောင်းငါးကျောင်းဖြစ်သည့် မကွေး၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ကြီးကျောင်းများ၌ ခံယူကျင့်သုံးနေပြီဖြစ်သည်။

သမဝါယမကောလိပ်များ၏ သင်ကြားသင်ယူမှုစနစ်သည် အဆင့်မနိမ့်ခဲ့ပေ။ ဇဟိုသမဝါယမကောလိပ်ဘဝကတည်းက သင်ကြားပေးလိုက်သော ပထမ Batch ဆင်း ကျောင်းသားနှစ်ဦးသည် Youth Seminar for Asia and Pacific, ICA (ROAP) Singapore သို့ တက်ခွင့်ရခဲ့ကြောင်း သိရသည်။ ယခင် သမဝါယမကောလိပ်များမှ ဒီပလိုမာရပြီးလျှင် အဝေးသင်တက္ကသိုလ် (စီးပွားရေး) သို့ တက်ရောက်ခွင့် (သို့မဟုတ်) စီးပွားရေးတက္ကသိုလ် (ရန်ကုန်) သို့ ဝင်ခွင့်စာမေးပွဲဖြေဆို၍ တက်ရောက်ခွင့်ရခဲ့ကြသည်။ ယခုအခါ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်နှင့် စစ်ကိုင်း) တို့သို့ ပေါင်းကူးတက်ရောက်ခွင့် ရနေကြပြီ ဖြစ်သည်။

**သင်ကြားပေးနေသော ဘာသာရပ်များ**

သမဝါယမလုပ်ငန်းများသည် နိုင်ငံ့စီးပွားရေး၏ ဒုတိယမဏ္ဍိုင်အဖြစ် သတ်မှတ်ခဲ့သော အချိန်ကာလများ ရှိခဲ့ဖူးသည်။ လွတ်လပ်ရေးရပြီး ပါလီမန်ဒီမိုကရေစီခေတ်တွင် ပရိုကိုးဟုခေါ်သော ကုန်ထုတ်သမဝါယမများ၊ ကွန်ကိုးဟုခေါ်သည့် စားသုံးသူ သမဝါယမအသင်းများ ထင်ရှားခဲ့သည်။ သမဝါယမ ကျေးလက်မီးလင်းရေးလုပ်ငန်းများ၊ ရေပေးရေးလုပ်ငန်းများ၊ သမဝါယမဆေးရုံ၊ သမဝါယမဟိုတယ်လုပ်ငန်း၊ သမဝါယမဘဏ် စသည်တို့ရှိခဲ့ဖူးသည်။ သမဝါယမတွင် ကောင်းမွန်သော သဘောတရားများ ရှိသည်။ ခေတ်မီသော စီမံခန့်ခွဲမှုပညာရပ်များကိုလည်း တတ်မြောက်ရမည်။ စဉ်ဆက်မပြတ် ပညာရေးလုပ်ငန်းစဉ်လည်း ရှိရမည်။ သင်ကြားပို့ချပေးနေသော ဘာသာရပ်များမှာ သမဝါယမပညာ၊ ဘောဂဗေဒ၊ ဝါဏိဇ္ဇဗေဒ၊ စာရင်းအင်းပညာ၊ စီမံခန့်ခွဲမှုပညာ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ စီးပွားရေးပထဝီဝင်၊ မြန်မာ့ရေးရာ (Aspects of Myanmar)၊ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်တို့ ဖြစ်ပါသည်။ ယင်းသို့ သင်ကြားပို့ချပေးပြီးနောက် ပေးအပ်မည့် ဒီပလိုမာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) ဒေသဆိုင်ရာဖွံ့ဖြိုးမှုဒီပလိုမာ
Diploma in Regional Development
(Dip.R.D)

(ခ) စီးပွားရေးလုပ်ငန်းစာရင်းကိုင် ဒီပလိုမာ
Diploma in Business Accounting
(Dip.B.Acct)

(ဂ) အသုံးချစာရင်းအင်းဒီပလိုမာ
Diploma in Applied Statistics
(Dip.A.S)

(ဃ) ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှု ဒီပလိုမာ
Diploma in Marketing Management
(Dip.M.M)

(င) လူမှုစီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှု ဒီပလိုမာ
Diploma in Social Enterprise Management (Dip.S.E.M)

**သမ/ကျေးလက် ရှေ့သို့ခရီးဆက်မည်**

သမဝါယမစနစ်သည် ကမ္ဘာပေါ်တွင် ၁၈ ရာစုမှ ယနေ့အထိ ရှင်သန်လျက်ရှိသည်။ ကုလသမဂ္ဂ၏ ထောင်စုနှစ်ပန်းတိုင်များ သတ်မှတ်ရာတွင်လည်း သမဝါယမကဏ္ဍကို ထဲထဲဝင်ဝင် ထည့်သွင်းဖော်ပြထားကြောင်း တွေ့ရသည်။ နိုင်ငံအတွင်း သမဝါယမစနစ် ရှင်သန်ဖွံ့ဖြိုးလာစေရေး အထူးသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် SME ကဏ္ဍတွင် ကုန်ထုတ်သမဝါယမအသင်းများ ခိုင်ခိုင်မာမာ အောင်မြင်ဖြစ်ထွန်းလာစေရေးအတွက် သမဝါယမကဏ္ဍနှင့် နီးနွှယ်သော လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးရန် လိုအပ်လျက်ရှိပါသည်။ ပြည်သူကိုအခြေပြုသော သမဝါယမစနစ်တည်ထောင်နိုင်မှသာလျှင် ပြည်သူ၏ ယုံကြည်ကိုးစားမှုကို ခံယူရရှိမည်ဖြစ်သည်။ ပခုံးပြောင်းတာဝန်ထမ်းဆောင်နေရသော ယနေ့အချိန်ကာလတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် စွမ်းအားရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များ၊ သမဝါယမကောလိပ်များ၊ ယွန်းပညာကောလိပ်(ပုဂံ)၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၊ သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းများ၊ ရက်ကန်းသင်တန်းကျောင်းများ၏ အခန်းကဏ္ဍကိုလည်း အလေးထားမြှင့်တင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပေသည်။ ။



တူတူညီညီ ရယ်ရယ်ပြုံးပြုံးနှင့် စာသင်ခန်းဆီသို့ လှမ်းချီနေကြသည့် ကျောင်းသူလေးများကို တွေ့ရစဉ်။

# ဒေါပုံမြို့နယ်တွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အလုပ်သမားဥပဒေဆိုင်ရာကိစ္စရပ်များဆိုင်ရာ အသိပညာပေးဆွေးနွေး

ဒေါပုံ နိုဝင်ဘာ ၁၉

ဗိုလ်တထောင်ခရိုင် ဒေါပုံမြို့နယ်တွင် အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနက ယနေ့မွန်းလွဲ ၁ နာရီတွင် မင်းနန္ဒာလမ်း ဒေါပုံကော်ဇောဝင်းရှိ G&G Co.,Ltd. နှင့် JDS Co.,Ltd. များသို့ Mobile Training Bus ဖြင့် သွားရောက်ကာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာများနှင့် အလုပ်သမားဥပဒေဆိုင်ရာ ကိစ္စရပ်များကို အသိပညာပေး ဆွေးနွေးခဲ့သည်။

ထိုသို့ Mobile Training Bus ဖြင့် အသိပညာပေး ဆွေးနွေးပွဲ၌ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန သဃ်န်းကျွန်းခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်ခိုင်ဆုဆုကျော် (အလုပ်ရုံစစ်ဆေးရေး)က ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေပါ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်ဝင်းရတနာဦး (အလုပ်သမားဥပဒေစစ်ဆေးရေး) က ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေ၊ နည်းဥပဒေပါ အလုပ်သမားများရပိုင်ခွင့်များ၊ ၂၀၁၆ ခုနှစ်၊ အခကြေးငွေပေးချေရေးဥပဒေပါပြဋ္ဌာန်းချက်များနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ချစ်စုဝေ(ပြြန်/ဆက်)**





# စစ်ကိုင်းတိုင်းဒေသကြီး၌ ယခုနှစ်ဆောင်းသီးနှံမြေပဲ ၅၁၄၁၀၁ ဧက စိုက်ပျိုးသွားမည်

မုံရွာ နိုဝင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နာဂဒေသအပါအဝင် ခရိုင်(၁၄)ခရိုင်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းမြေပဲ ၅၁၄၁၀၁ ဧက စိုက်ပျိုးရန် လျာထားပြီး ၃၆၀၈၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် လိုအပ်သောစိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ၊ သွင်းအားစုများ၊ သီးနှံမျိုးစေ့များ ကူညီထောက်ပံ့ခြင်းများကို တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ အနီးကပ်ကြီးကြပ်လမ်းညွှန်မှုဖြင့် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကူညီထောက်ပံ့ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

## လျာထားစိုက်ပျိုး

အဆိုပါ ဆောင်းမြေပဲများကို တိုင်းဒေသကြီးအတွင်းရှိ ဟုမ္မလင်းခရိုင်တွင် ၂၀၂၅ ဧက၊ ခန္တီးခရိုင်တွင် ဧက ၇၅၀၊ နာဂဒေသတွင် ဧက ၇၀၊ မော်လိုက်ခရိုင်တွင် ၁၅၆၃၈ ဧက၊ တမူးခရိုင်တွင် ဧက ၂၁၅၅၀၊ ကလေးခရိုင်တွင် ၄၇၅၅၇ ဧက၊ မုံရွာခရိုင်တွင် ဧက ၄၁၃၁၀၊ ယင်းမာပင်ခရိုင်တွင် ၃၂၇၉၄ ဧက၊ ရွှေဘိုခရိုင်တွင် ၆၇၈၇၆ ဧက၊ ရေဦးခရိုင်တွင် ဧက ၇၈၀၅၀၊ ကန့်ဘလူခရိုင်တွင် ၁၀၉၁၆၄ ဧက၊ စစ်ကိုင်းခရိုင်တွင် ၆၁၀၂၆ ဧက၊ ကသာခရိုင်တွင် ၄၆၅၇၆ ဧက၊ ကောလင်းခရိုင်တွင် ၉၀၈၈ ဧက စုစုပေါင်း ၅၁၄၁၀၁ ဧကကို လျာထားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နတ်မောက်မြို့နယ် မြို့မကွင်း၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

နတ်မောက် နိုဝင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်း မြို့မကွင်းရှိ တောင်သူ ဦးတင်မောင်ညွန့်၏ လယ်မြေ၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

နတ်မောက်မြို့နယ်၌ မိုးစပါးစိုက်ဧက ၂၄၉၂၅ ဧက စိုက်ပျိုးထားရှိရာ နတ်မောက်တမံ အစိုးရဆည်ရေသောက် ဧရိယာအတွင်းရှိ တောင်သူ ဦးတင်မောင်ညွန့်၏ သုည ဒသမ ၉၄ ဧကရှိ ဆင်းသုခစံကွက်ကို ရိတ်သိမ်းခဲ့ရာ စပါးအစို ၁၁၇ တင်းထွက်ရှိသည်။ မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် မိုးစပါးစိုက်ပျိုးရာတွင် မနောသုခ၊ ဆင်းသုခ၊ ရတနာတိုးနှင့် ဆာဖိုးသာစပါးမျိုးများကို စိုက်ပျိုးလျက်ရှိပြီး စပါးအထွက်နှုန်းကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်များ၊ စံကွက်များ စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဟင်္သာတမြို့ ပြည်သူ့ဆေးရုံကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်ရေးဇာတ်တိုက်လေ့ကျင့်

ဟင်္သာတ နိုဝင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ ပြည်သူ့ဆေးရုံကြီး၌ ယနေ့မွန်းလွဲပိုင်းတွင် ခရိုင်/မြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေးဇာတ်တိုက်လေ့ကျင့်မှုဆောင်ရွက်ခဲ့သည်။

အဆိုပါအသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေးဇာတ်တိုက်လေ့ကျင့်ရာတွင် ဟင်္သာတခရိုင် မီးသတ်ဦးစီးမှူး ဦးဟိန်းသူဟန်ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဥက္ကာနှင့် ခရိုင်/မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဟောပြောသရုပ်ပြခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဥက္ကာက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် ဆောင်ရွက်ရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မီးသတ်ဆေးဘူးအသုံးပြုပုံနှင့် မီးဘေးအန္တရာယ်အသိပညာပေးဆွေးနွေးပြောကြားသည်။ ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ လျင်မြန်စွာမီးငြိမ်းသတ်နိုင်ရေးနှင့် အနီးပတ်ဝန်းကျင်သို့ မီးမကူးစက်နိုင်ရန်အတွက် အအေးပေးစနစ်ဖြင့် အပူရှိန်လျှော့ချခြင်းနှင့် မီးငြိမ်းသတ်နည်းစနစ်များကို လက်တွေ့သင်ကြားပြသခဲ့ကြောင်း သိရသည်။ **ဧရာဦးသာ**



# ကျောက်ပန်းတောင်းမြို့နယ်၌ ပဲစင်းငုံသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်း မြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးသီးနှံအဖြစ် နှမ်း၊ မြေပဲတို့နှင့် တစ်ချိန်တည်း စိုက်ပျိုးခဲ့ကြသည့် ပဲစင်းငုံသီးနှံများအသီးအပွင့်ဝေဝေဆာဆာဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိနေပြီး သီးနှံရိတ်သိမ်းချိန်နီးပြီဖြစ်၍ ဈေးကောင်းရရှိရန် တောင်သူများ မျှော်လင့်နေကြကြောင်း သိရသည်။

## အောင်မြင်ဖြစ်ထွန်း

ကျောက်ပန်းတောင်း မြို့နယ်တွင် တစ်မြို့နယ်လုံးအနေဖြင့် ပဲစင်းငုံသီးနှံ စိုက်ဧက ၈၄၆၆၆ ဧက စိုက်ပျိုးထားရှိကြောင်း သိရပြီး အနည်းငယ်စိုက်ချိန်စောသည့်သီးနှံခင်းအချို့သာ ပွင့်ဦးစတင်ချိန်တွင် မိုးကြွင်းမိုးကျန်ထိမှန်ခံရသဖြင့် အပွင့်ကြွေကာ အနည်းငယ် ထိခိုက်မှုရှိခဲ့သည်မှလွဲပြီး များသောအားဖြင့် ပဲစင်းငုံစိုက်ခင်းတိုင်း အသီးအပွင့်များ ဝေဝေဆာဆာဖြင့် အောင်မြင်ဖြစ်ထွန်းလျက် ရှိနေကြောင်းနှင့် နတ်တော်လဆန်းနှင့် လလယ်ခန့်တို့တွင် ရိတ်သိမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**



✪ ကျောဖုံးမှ

တစ်ဂိုး၊ ၆၈ မိနစ်မှာ ဘရိုင်ယန်ဂီးလ်ကတစ်ဂိုး သွင်းယူပေးခဲ့ပြီး ဆွစ်ဇာလန်အသင်းက ပွဲကစားချိန် ၆၃ မိနစ်မှာ မွန်တီရီယိုကတစ်ဂိုး၊ ၈၅ မိနစ်မှာ ဇီကီရီ (ပင်နယ်တီ)က တစ်ဂိုးသွင်းယူပေးခဲ့လို့ သာမန်ပွဲကစားချိန် မိနစ် ၉၀ အထိ တစ်ဖက်နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်နေခဲ့ပေမယ့် သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို သုံးမိနစ်မှာရရှိခဲ့တဲ့ ဇာရာဂိုဇာရဲ့ ပင်နယ်တီသွင်းဂိုးရရှိခဲ့လို့ စပိန်အသင်းက ဆွစ်ဇာလန်အသင်းကို အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

စပိန်အသင်းဟာ လက်ရှိအချိန်မှာ ယူအီးအက်ဖ် အေနေးရှင်းလိဂ် ခြောက်ပွဲကစားပြီးချိန်မှာ ရမှတ် ၁၆ မှတ်နဲ့ ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိထားပြီး ဒိန်းမတ်အသင်းကလည်း ဆားဘီးယားအသင်းကို ဂိုးမရှိသရေရလဒ်သာ ကစားနိုင်ခဲ့ပေမယ့် ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

အခြားသောပွဲစဉ်တွေမှာတော့ ဆန်မာရီနိုအသင်းက လီချန်စတိန်းအသင်းကို သုံးဂိုး-တစ်ဂိုး၊ စကော့တလန်အသင်းက ပိုလန်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ကိုဆိုဗိုအသင်းက လစ်သူရေးနီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ရိုမေးနီးယားအသင်းက ဆိုက်ပရပ်စ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ခရိုအေးရှားအသင်းနဲ့ ပေါ်တူဂီအသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေ၊ ဘူလ်ဂေးရီးယားအသင်းနဲ့ ဘီလာရုစ်အသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေ၊ လူဇင်ဘတ်အသင်းနဲ့ မြောက်အိုင်ယာလန်အသင်းတို့ပွဲစဉ်မှာ တစ်ဖက်နှစ်ဂိုးစီသရေဖြင့် အသီးသီးအနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

# ထူးခြားသည့်အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၉

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "မန်ရီ"(MAN-YI)သည် အနောက်-အနောက်တောင်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ဟိုင်နန်ကျွန်းအနီးသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

# စိတ်ကို ဆေးကုနည်း

ပီမိုးနင်း

(၁၃-၁၁-၂၀၂၄ ရက်နေ့မှအဆက်)

ငင်းနည်းဖြင့် ပျို့မျစ်နုနယ်ခြင်း၊ အားခွန်ပြည့်ဝခြင်း၊ သန်စွမ်းကျန်းမာခြင်းကို ရုပ်ပုံနှင့် ထင်ပေါ်အောင်အမြဲတွေးချေက ကြာမြင့်စွာ အရွယ်တင်လျက် ရောဂါဥပဒ်ကင်းပြီးလျှင် အသက်ရှည်ရှည်နေနိုင်လေသည်။ လူတို့မှာ သက်တမ်းအတိုင်းနေပိုင်၏။ သက်တမ်းမရောက်ဘဲ သေခြင်းသည် သေနေ့စေ့သောကြောင့် သေခြင်းမဟုတ်။ နာဖျား၍ သေခြင်းဟု လောကဓာတ်ဆရာကြီးများ အယူရှိကြလေသည်။ နာဖျားခြင်းကို တစ်နည်းနည်းဖြင့် ကွယ်ကာနိုင်လျှင် အသက်ရှည်ပိုင်သည်ဟု ယုံကြည်ကြလေသည်။

စစ်ပွဲသို့သွား၍ သေကြသူတို့သည် အားလုံးသေနေ့စေ့သူများ မဟုတ်ကြချေ။ နေ့သည် ခုနစ်နေ့သာရှိ၏။ လူတို့သည်ကား မရေမတွက်နိုင်ကြချေ။ ထိုလူတို့သည်လည်း ခုနစ်နေ့သားများသာ ဖြစ်ကြလေရာ မရေမတွက်နိုင်သောလူတို့မှာ သေနေ့နှင့် မွေးနေ့သည် ကြုံကြိုက်တိုက်ဆိုင်၍ နေကြရလေသည်။ အကြောင်းမှုကား မည်သူမျှ ငင်းနေ့ရက် အပြင်ဘက်ကိုထွက်၍ မသေနိုင်ကြချေ။ သို့ဖြစ်၍ မွေးနေ့မှာ သေခြင်းကိုလည်း သေနေ့ဟု မဆိုအပ်ချေ။

သို့သော်လည်း လောက၌ မိမိအသက်ကို ဉာဏ်နှင့်စောင့်ရှောက်ဖို့ရန် လူတိုင်းမှာ အခွင့်မရ။ လူတိုင်းမှာ ဉာဏ်မမီ၊ လူတိုင်းမှာလည်း မယုံကြည်၊ လူတိုင်းလည်း ဂရုမထား၊ အသက်တိုရန် အနေအစား၊ အပျော်အပါး၊ အလုပ်အကိုင်များကို လိုက်စားသူတွေများကြသောကြောင့် သက်တမ်းသို့မရောက်ဘဲ အတုံးအရုံးသေကြသည်ကို နေ့စဉ်ပင် မြင်နေကြသဖြင့် သက်တမ်းကို ရောက်အောင်နေရန် ကြိုးစားပေမယ့် ဖြစ်မှာမဟုတ်ပါဘူးလေ။ သေနေ့စေ့ရင်သေမှာပါပဲဟု တွေးတတ်ကြလေသည်။ သက်တမ်းမရောက်ဘဲ သေသူတွေ လွန်စွာများသည်ကို ထောက်လိုက်သောအခါ ထိုကဲ့သို့ တွေးတောမည်ဆိုလျှင် တွေးတောစရာကြီးဖြစ်၍ နေလေသည်။ စင်စစ်သော်ကား သက်တမ်းသို့ရောက်အောင် မနေရသူများ များ၍ ရောက်အောင်နေရသူများ နည်းပါးခြင်းမှာ အခြားကြောင့်မဟုတ်၊ သက်တမ်းရောက်အောင် နေရနိုင်ရန် အသိဉာဏ်ရှိသူ လွန်စွာနည်းပါးသောကြောင့် ဖြစ်လေသည်။ သို့လွန်စွာနည်းသည့်အပြင် ငင်းအသိဉာဏ်ရှိသူ အနည်းငယ်မျှအနက် အသိဉာဏ်ရှိသည့်အတိုင်း ကျင့်နိုင်သည့်အခြေအနေရှိသူ လွန်စွာနည်းပြန်၏။ သို့လွန်စွာ နည်းသူတို့အနက်လည်း အသိဉာဏ်ရှိသည့်အတိုင်း ကျင့်ချင်သူက လွန်စွာနည်း၏။ သို့ကျင့်ချင်သူတို့အထဲ၌လည်း မိမိ၏စိတ်အလိုကို မငြင်းဆန်နိုင်သဖြင့် သိသည့်အတိုင်း ကျင့်နိုင်သူ လွန်စွာနည်းကြလေသည်။

ထိုနည်းအားဖြင့် တွက်၍ကြည့်လိုက်သောအခါ သက်တမ်းသို့ ရောက်အောင်နေရန် လူအရေအတွက်မှာ တစ်ထောင်မှ တစ်ယောက်လောက်မျှမရှိသကဲ့သို့ ဖြစ်၍နေလေသည်။ သို့ဖြစ်လေသောအခါ စောစောသေသူတို့ကို ခဏခဏ မြင်ကြရသဖြင့် သေနေ့စေ့လို့ သေကြတာပဲဟု စွဲမိတတ်ကြလေသည်။ သို့စွဲမိသောအခါ ဉာဏ်ဝီရိယကို လုံးလုံးလျှော့ပြီး ကံပါပဲလေဟု စိတ်ကိုစွဲကာ အသက်ရှည်ရန်ကို အထူးဂရုမပြုဘဲ နေကြလေသည်။ ထိုကဲ့သို့ နေသောအခါ လူတစ်ထောင်မှာ သက်တမ်းရောက်မည့်သူ တစ်ယောက်မဆိုချေနှင့် တစ်ပိုင်းလောက်မျှ မကျန်တော့ချေ။ အကယ်၍ သေနေ့ကို ယုံရမည်ဆိုလျှင် စောစောရောက်တဲ့ သေနေ့တွေက အဆမတန် ပိုမို၍ များအားကြီးလှပေသည်တကား။ သက်တမ်းရောက်မှဆိုက်လာမယ့် သေနေ့တွေက ဘာပြုလို့ ဤမျှလောက် အဆမတန် နည်းပါးရပါသနည်းဟု တွေးတောရန် မသင့်ပါလော။

ကျွန်ုပ်တို့ မြန်မာပြည်နှင့် အိန္ဒိယတိုင်း၌ ဆင်းရဲသောကလေး အသေအပျောက်သည် ဥရောပတိုင်းမှာထက် ပိုမိုများပြားသည်ဟု သိရလေသည်။ ဤတိုင်းပြည်၌ သေနေ့ လွန်စွာစောသောသူတို့သည် အဘယ်အတွက် ဤမျှလောက် များပါသနည်း။ "ဘုရားချစ်သောသူတို့သည် စောစောသေသည်"ဟု အင်္ဂလိပ်စကားရှိ၏။ ဤတိုင်းပြည်များ၌ ဘုရားချစ်သောသူတွေ များအားကြီးလို့ပေလား။ ထာဝရဘုရားသည်ကား ဆင်းရဲသားတို့ကို ချစ်သည်ဟု အယူရှိကြလေသည်။ သို့သော်လည်း ဤတိုင်းဤပြည်သည် ဗုဒ္ဓဘာသာတိုင်းပြည် ဖြစ်လေသည်။

သို့သေနေ့ကို ယုံကြည်ခြင်းသည် တစ်နည်းအားဖြင့် ကောင်း၏။ အဘယ်ကြောင့်ဆိုသော် ချစ်လှသော သားငယ် သမီးငယ်တို့ သေသည့်အခါ မိဘများ၏ မှားယွင်းလစ်ဟင်း ပေါ့လျော့ခြင်း ထင်ရှားခဲ့လျှင် တွေးလေတွေးလေ ဆွေးပွေမှာစိုးသဖြင့် "သူသေဖို့ ဖြစ်လာတာပါ၊ စကတည်းက ရောဂါဟာ ကျမှမကျဘဲကလား။ အိပ်မက်က ဘယ်လိုပဲ မက်တာကပဲ" စသည်ဖြင့် စိတ်ကို ဖြေဖျောက်နိုင်လေသည်။ အိပ်မက်ဆန်းများကို မက်ပြီး တစ်စုံတစ်ရာမဖြစ်သည့်အခါ ငင်းအိပ်မက်များကို မတွေးမိချေ။ တစ်ခုခုဖြစ်သောအခါ အိပ်မက်များ ပေါ်၍ပေါ်၍လာလေသည်။ ထီထိုးပြီး အိပ်မက်ကို သတိထားလျှင် လွန်စွာကောင်းသော အိပ်မက်များကို ခဏခဏမက်နိုင်လေသည်။ သို့သော်လည်း အိပ်မက်အကြောင်းနှင့် ပတ်သက်သော စိတ်ပညာအခန်းမှာ ကျယ်ဝန်းလှသဖြင့် ရေးဖို့ရန် နေရာမရသောကြောင့် ဤမျှသာ ရေးလိုက်ရလေသည်။

(ဆက်လက်ဖော်ပြပါမည်)

# ငြီးငွေ့မှုကို ကုစားနည်း

ခင်မောင်ညို(ဘောဂဗေဒ)

မောပန်းခြင်း၏ အဓိကအကြောင်းတရားတစ်ခုမှာ ငြီးငွေ့မှုပင် ဖြစ်သည်။ လမ်းထဲက အမှုဆောင်အရာရှိမလေး အဲလစ်စ်ကို ကြည့်ပါ။ ညနေစောင်းရုံးဆင်း၍ ပြန်လာသည့်အခါ သူ့ကိုကြည့်လျှင် မောပန်းနွမ်းနယ်နေပုံရသည်။ သူ ဟန်လုပ်နေသည် ထင်ပါသလား။ တကယ့်ကို ငြီးငွေ့လာခြင်းဖြစ်သည်။ ခေါင်းကလည်း ကိုက်၊ ခါးကလည်း နာ၊ ညစာမစားဘဲ အိပ်ရာထဲတန်းဝင်ချင်စိတ်သာရှိတော့သည်။ သူ့အမေက ချော့ပြောမှ ညစာစားဖို့ ထမင်းစားပွဲမှာထိုင်သည်။ ထိုင်နေစဉ် တယ်လီဖုန်းက မြည်လာသည်။ သူ့ရည်းစား၏အသံ။ ကပွဲသွားကြမည်။ လိုက်မလား-တဲ့။ စောစောက မှေးစင်းနေသော မျက်လုံးများ ချက်ချင်းပြူးကျယ်တောက်ပြောင်သွားသည်။ စိတ်ကလည်း မြူးကြွလာသည်။ အပေါ်ထပ်ပြေးတက်ပြီး အကောင်းဆုံးအဝတ်အစားများလဲကာ လိုက်သွားသည်။ မိုးအလင်း သုံးနာရီလောက်အထိ ကခုန်မြူးထူးပြီးမှ အိမ်ပြန်ရောက်သည်။ အိမ်ပြန်ရောက်တော့ မောပန်းနွမ်းနယ်သည့်အရိပ်အယောင် နည်းနည်းမျှပင်မရှိ။ ပျော်လွန်းလို့ အိပ်ပင်မပျော်။

ဘယ်လို ဖြစ်တာလဲ။ လွန်ခဲ့တဲ့ ရှစ်နာရီလောက်တုန်းက တကယ်မမောဘဲ ဟန်ဆောင်နေတာလား။ ဟန်ဆောင်နေတာမဟုတ်။ အမှန်တကယ်ကို မောနေပါသည်။ သူ၏အလုပ်ခွင်ကို ငြီးငွေ့ခြင်း၊ သူ၏ဘဝကိုလည်း ငြီးငွေ့ခြင်းတို့ကြောင့် မောပန်းနွမ်းနယ်နေခြင်းဖြစ်သည်။ အဲလစ်စ်လို လူများသန်းချီရှိသည်။ ထိုအထဲတွင် သင်လည်း ပါဝင်ကောင်း ပါဝင်နိုင်သည်။

တကယ်တမ်း ကိုယ်ပင်ပန်းမှုကြောင့်ထက် စိတ်ခံစားမှုကြောင့် ပို၍ မောပန်းနွမ်းနယ်ရခြင်းဖြစ်သည်။ နှစ်အတန်ကြာက ပါရဂူ ဂျိုးဇက်-အီး-ဘာမက်သည် **စိတ်ပညာညွှန့်ပေါင်းကျမ်း**ဟူသော ကျမ်းတစ်ကျမ်းကို ရေးသားထုတ်ဝေခဲ့သည်။ ထိုကျမ်း၌ သူ၏စမ်းသပ်တွေ့ရှိချက်များကို အစီရင်ခံတင်ပြထားသည်။ သူ၏ တွေ့ရှိချက်များအရဆိုလျှင် ငြီးငွေ့မှုကြောင့် မောပန်းခြင်းဖြစ်သည်။ သူက ကျောင်းသားတစ်စုကို စုပြီး သူတို့ စိတ်မဝင်စားသည့် အလုပ်များကို တစ်ခုပြီးတစ်ခု စမ်းသပ်လုပ်ခိုင်းသည်။ ထိုအခါ ကျောင်းသားများက စိတ်တိုလာကြသည်။ ခေါင်းကိုက်သည် မျက်ရိုးကိုက်သည်ဟု ညည်းညူလာကြသည်။ မောပန်းနွမ်းနယ်လာကြ၊ အိပ်ငိုက်လာကြသည်။ တစ်ခါတစ်ရံ ပျို့လိုက်ကြ၊ အန်လိုက်ကြသေးသည်။ စိတ်ကူးထဲရှိတာတွေ လျှောက်ပြောနေသည် မထင်ပါနှင့်။ လက်တွေ့စမ်းသပ်တွေ့ရှိချက်ကို ပြောနေခြင်းဖြစ်ပါသည်။ ခန္ဓာကိုယ်ကို သွေးတိုင်းကြည့်သည့်အခါ လူတစ်ယောက် ငြီးငွေ့လာလျှင် အောက်ဆီဂျင်ဓာတ်ရယူအသုံးပြုမှု ကျဆင်းသွားပြီး အလုပ်ခွင်၌ စိတ်ဝင်စားပျော်ရွှင်သည်နှင့်တစ်ပြိုင်နက် အောက်ဆီဂျင်ဓာတ်ရယူအသုံးပြုမှု မြင့်မားကာ သွက်သွက်လက်လက် ဖြစ်လာကြောင်း တွေ့ရသည်။

တကယ်တော့ ကျွန်တော်တို့ စိတ်ဝင်စားသည့်၊ စိတ်တက်ကြွစေသည့်အလုပ်များ လုပ်နေကြရလျှင် မောပန်းနွမ်းနယ်ခြင်းမရှိပေ။ တစ်လောက ကျွန်တော်သည် လူးဝစ်စ်ရေကန်နားမှ ကနေဒါ ရော့ကီးတောင်ကုန်းများဘက် သွားလည်ခဲ့သည်။ ကော်ရယ်လ်ချောင်းထဲတွင် ရက်ပေါင်းများစွာ ငါးမျှားသည်။ ဒိုက်သရောများ၊ သစ်တုံးများကြားတွင် တစ်နေ့လျှင် ရှစ်နာရီမျှ အချိန်ကုန်ခံသော်လည်း မောပန်းနွမ်းနယ်ခြင်းမရှိ။ စိတ်တက်ကြွ ပျော်ရွှင်၍သာနေသည်။ ငါးခြောက်ကောင်လောက် ဖမ်းမိသည်ကိုပင် ရောမအောင်မြင်မှုကြီးဟု ထင်နေသည်။ တကယ်လို့ ကျွန်တော်သာ ငါးဖမ်းရတာ ပျင်းသည့်လူဆိုလျှင် မည်သို့ ခံစားရမည်နည်း။ အမြင့်ပေ ၇၀၀၀ လောက်တွင် ထိုမျှပင်ပင်ပန်းပန်း လုပ်ရသဖြင့် မောလွန်း၍ သေဖို့ပင်ရှိသည်။

အလွန်အားကုန်သော တောင်တက်သည့်လုပ်ငန်းမျိုးထက်ပင် ငြီးငွေ့ခြင်းက ပို၍မောလွယ်သည်။ ဥပမာ-မင်နီပိုလစ် လယ်သမားများနှင့် စက်ပြင်ဆရာများ ငွေစုဘဏ်ဥက္ကဋ္ဌ မစ္စတာ အက်စ်အိပ်ချ်ကင်းမင်းက သူ့အတွေ့အကြုံကို ပြောပြဖူးသည်။ ၁၉၅၃ ခုနှစ် ဇူလိုင်လတွင် ကနေဒါအစိုးရက ကနေဒါအယ်လ်ပိုင်းကလပ်အား ဝေလမင်းသားတောင်တက်အသင်းဝင်များကို တောင်တက်နည်းသင်တန်း ပေးခိုင်းသည်။ ထိုစစ်သားများအား လေ့ကျင့်ရသည့်အထဲတွင် မစ္စတာကင်းမင်းလည်းပါသည်။ မစ္စတာကင်းမင်းနှင့်အတူ အခြားအသက် ၄၂ နှစ်မှ ၄၉ နှစ်အရွယ်အတွင်းရှိ အခြားလူကြီးများက စစ်သားငယ်များကို လေ့ကျင့်ပေးရခြင်းဖြစ်သည်။ ထိုစစ်သားများကို မတ်စောက်သော တောင်တန်းများ၊ ဆီးနှင်းဖုံးလွှမ်းရာ တောင်ထိပ်များ၊ ပေ ၄၀ ခန့်မြင့်သည့် ချောက်ကမ်းပါးစွန်းများကို တက်ခိုင်းရသည်။ ခြေကုပ်သိပ်မရှိ။ လက်ကဆွဲစရာလည်း ရှားပါးလှသောအနေအထားတွင် တောင်တက်ကြိုးကို အားကိုး၍ တက်ကြရသည်။ ကနေဒါတောင်ကုန်းတစ်ဝိုက်က နာမည်ရှိပြီး တောင်များရော နာမည်မရှိသေးသည့် တောင်ထွတ်များကိုပါ လိုက်တက်ကြရသည်။

ပြောက်ကျားသင်တန်းတွင် ခြောက်ပတ်ခန့် အပြင်းအထန် လေ့ကျင့်လာခဲ့သော ထိုစစ်သားများသည် ၁၅ နာရီခန့် တောင်တက်ရုံမျှဖြင့် အမောဆို့ကုန်ကြသည်။ ပြောက်ကျားသင်တန်းက လျော့ရဲသဖြင့် ငင်းတို့ကြွက်သားများ မာကျောမှုမရှိသောကြောင့် ဟု ထင်ပါသလား။ ပြောက်ကျားသင်တန်းကိုသာ တက်ဖူးလျှင် ထိုသို့သောမေးခွန်းမျိုးကို မေးမည်မဟုတ်ပေ။ ဘယ်လောက်အပင်ပန်းခံရ ခံရ ခံနိုင်သော်လည်း သူတို့စိတ်မပါသော၊ ပျင်းရိငြီးငွေ့သော တောင်တက်အလုပ်ကို လုပ်ရသဖြင့်သာ အချိန်တိုအတွင်း ခြေကုန်လက်ပန်းကျခြင်းဖြစ်သည်။ တောင်တက်ခြင်းကို ငြီးငွေ့လှသဖြင့် အစားအသောက်ပင်မစားနိုင်ဘဲ အိပ်ပျော်သွားကြသည်။ သို့သော် သူတို့ထက် အသက် နှစ်ဆ၊ သုံးဆကြီးသော လမ်းပြတွေကရော မမောကြဘူးလား။ မောတော့မောပါသည်။ သို့သော် မပန်းပါ။ ခြေကုန်လက်ပန်းကျ ဖြစ်မနေပါ။ ညစာစားပြီး နောက်တစ်နေ့တာအတွေ့အကြုံကို တသသဖြစ်ကာ အပြန်အလှန်ပြောနေကြသည်။ သူတို့ စိတ်ပါဝင်စားသည့်အလုပ်ကို လုပ်ရသဖြင့် ခြေကုန်လက်ပန်းကျခြင်း အလျှင်းမဖြစ်။

ကိုလံဘီယာတက္ကသိုလ်မှ ဒေါက်တာ အက်ဒဝပ်သွန်းဒိုက်က မောပန်းနွမ်းနယ်မှုနှင့်ပတ်သက်၍ သုတေသနတစ်ခုလုပ်ဖူးပါသည်။ လူငယ်တစ်စုကို တစ်ချိန်လုံး စိတ်ဝင်စားအောင် လုပ်ပေးထားခြင်းဖြင့် တစ်ပတ်လုံး မအိပ်ဘဲနေနိုင်ကြောင်း သူလေ့လာတွေ့ရှိခဲ့ပါသည်။ ကြိမ်ဖန်များစွာ လေ့လာပြီးနောက် ဒေါက်တာသွန်းဒိုက်က 'လုပ်အားကျဆင်းခြင်းမှာ ငြီးငွေ့မှုကြောင့်ဖြစ်သည်'ဟု အစီရင်ခံခဲ့ပါသည်။

**သင်သည် ဉာဏလုပ်သားတစ်ယောက်ဖြစ်လျှင် အလုပ်များများလုပ်ရ၍ မောပန်းနွမ်းနယ်ရသည်မဟုတ်ဘဲ မလုပ်၍ မောပန်းနွမ်းနယ်ခြင်း ဖြစ်နိုင်ပါသည်။** ဥပမာ- ပြီးခဲ့သည့် တစ်နေ့က အလုပ်ခွင်၌ တစ်ချိန်လုံး အနှောင့်အယှက်တွေများနေသည်။ ဘယ်ပြန်စာကိုမှ မရေးနိုင်။ အချိန်းအချက်များ အားလုံးလွဲချော်၊ ဟိုနား အဆင်မပြေ၊ ဒီနား အဆင်မပြေ၊ တစ်ရက်လုံး ဘာမှအဆင်မပြေ။ ဘာမှအလုပ်မဖြစ်။ သို့သော် အိမ်ပြန်ရောက်တော့ ခြေကုန်လက်ပန်းကျနေသည်။

နောက်တစ်နေ့ကျ အခြေအနေက တစ်မျိုးဖြစ်သည်။ ယခင်နေ့ကထက် အဆ ၄၀ လောက် အလုပ်ပြီးသည်။ သို့သော် အိမ်ပြန်တော့ လန်းလန်းဆန်းဆန်းဖြစ်နေသည်။ ထိုအတွေ့အကြုံမျိုး သင်ကြုံဖူးသလို ကျွန်တော်လည်း တွေ့ကြုံဖူးပါသည်။

ဤနေရာမှ မည်သည့် သင်ခန်းစာယူနိုင်သနည်း။ ဒီလိုပါ။ **အလုပ်များခြင်းကြောင့် မဟုတ်။ သောကများခြင်း၊ ဒေါသပွားခြင်းတို့ကြောင့် မောပန်းနွမ်းနယ်ရခြင်းဖြစ်သည်။**

ဤအခန်းကိုရေးနေစဉ် ကျွန်တော်သည် ဂျရုမ်းကန်း၏ ဂီတပြဇာတ် **ပြပွဲဝင်လှေ**ကို သွားကြည့်သည်။ ပြဇာတ်ထဲမှ ဝါချည်ပွင့်သင်္ဘောကပ္ပတိန်အင်ဒီ၏ စကားမှာ မှတ်သားလောက်သည်။ "ကံကောင်းတဲ့လူတွေက သူတို့ပျော်တဲ့အလုပ်ကို လုပ်ကြရတယ်"ဟု ပြောသည်။

(ဆက်လက်ဖော်ပြပါမည်)

# မြန်မာ့လက်ရွေးစင်အသင်း လက်ဘနွန်အသင်းကို ခြေစမ်းပွဲတွင် ရှုံးနိမ့်

ရန်ကုန် နိုဝင်ဘာ ၁၉

မြန်မာ့လက်ရွေးစင်အသင်းနှင့် လက်ဘနွန်လက်ရွေးစင်အသင်းတို့၏ ခြေစမ်းပွဲကို နိုဝင်ဘာ ၁၉ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပရာ လက်ဘနွန်လက်ရွေးစင်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာ နိုင်ငံတကာရက်သတ္တပတ်တွင်ကစားသည့် နိုင်ငံတကာခြေစမ်းပွဲ နှစ်ပွဲစလုံး စင်ကာပူလက်ရွေးစင်အသင်းနှင့် လက်ဘနွန်လက်ရွေးစင်အသင်းတို့ကို တူညီသည့်ရလဒ်များဖြင့် အရေးနိမ့်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် နှစ်ပွဲစလုံး မရှုံးသင့်သော်လည်း နောက်ကျဂိုးများဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာရကစားသမားများပြားနေသောကြောင့် နည်းပြချုပ် ဦးမျိုးလှိုင်ဝင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲများပြုလုပ်ခဲ့ပြီး ပြည့်ဖြိုးသူ (ဂိုး)၊ အောင်ဝဏ္ဏစိုး၊ စိုးမိုးကျော်၊ သက်ဟိန်းစိုး၊ ဥက္ကာနိုင်၊ ဝေလင်းအောင်၊ လွင်မိုးအောင်၊ မြတ်ကောင်းခန့်၊ မောင်မောင်လွင်၊ သီဟဇော်၊ ဟိန်းထက်အောင်တို့ဖြင့် ပွဲထွက်လာသည်။ မြန်မာအသင်း နည်းပြဟောင်း ရာဒူလိုဗစ် ကိုင်တွယ်နေသည့် လက်ဘနွန်လက်ရွေးစင်အသင်းမှာလည်း မြန်မာအသင်းကို ပွဲစကတည်းက ဖိအားပေးကစားခဲ့သည်။ ၃၇ မိနစ်တွင် မာလက်ခ်က လက်ဘနွန်လက်ရွေးစင်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူသော်လည်း ၄၂ မိနစ်တွင် သီဟဇော်က ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းပြီး မြန်မာအသင်းအတွက် ချေပဂိုးပြန်သွင်းသဖြင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးရရန် တိုက်စစ်မြှင့်လာပြီး ၅၇ မိနစ်တွင် အသင်းခေါင်းဆောင် မောင်မောင်လွင်က ထောင့်ကန်ဘောကို တိုက်ရိုက်ကန်သွင်းပြီး မြန်မာအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ မြန်မာအသင်းသည် အနိုင်ရလဒ် ထိန်းကစားနိုင်ရန် ကြိုးပမ်းသော်လည်း လက်ဘနွန်တိုက်စစ်ကို ဟန့်တားနိုင်ခြင်းမရှိဘဲ လူစားဝင်တိုက်စစ်မှူး ဆန်နီမာဟက်က ၇၄ မိနစ်တွင် ချေပဂိုးနှင့် ၈၄ မိနစ်တွင် အနိုင်ဂိုးသွင်းယူခဲ့သည်။



မြန်မာအသင်းခေါင်းဆောင် မောင်မောင်လွင် ခေါင်းတိုက်ဂိုးသွင်းရန် ကြိုးပမ်းနေစဉ်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဒီဇင်ဘာတွင် ယှဉ်ပြိုင်ရမည့် Asean Cup ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အောက်တိုဘာနှင့် နိုဝင်ဘာ နိုင်ငံတကာရက်သတ္တပတ်တွင် ခြေစမ်းပွဲလေးပွဲကစားရာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးနိမ့်ခဲ့သည်။

သတင်း-ကိုညီလေး
ဓာတ်ပုံ-သော်ကြီး

# အာဆီယံအမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် မြန်မာအသင်း ရှုံးပွဲထပ်မံကြုံတွေ့

ရန်ကုန် နိုဝင်ဘာ ၁၉

၂၀၂၄ အာဆီယံ အမျိုးသမီး ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုစတုတ္ထနေ့ကို နိုဝင်ဘာ ၁၉ ရက်က ဖိလစ်ပိုင်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲထပ်မံကြုံတွေ့ခဲ့သည်။



မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း ယှဉ်ပြိုင်နေစဉ်။

အုပ်စုစတုတ္ထနေ့တွင် အင်ဒိုနီးရှားအသင်းကမြန်မာအသင်းကို ခုနစ်ဂိုးပြတ်၊ ဗီယက်နမ်အသင်းက အိမ်ရှင် ဖိလစ်ပိုင်အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း အတွက် မထင်မှတ်သည့် ရလဒ်ဖြစ်ခဲ့ပြီး ဂိုးပြတ်ရှုံးပွဲနှင့်အတူ တတိယလုပွဲကစားခွင့်ရရန်ပင် အခွင့်အရေးနည်းသွားပြီဖြစ်သည်။ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ထိုင်းတို့နှင့်ပွဲများတွင် ပုံစံကောင်းပြသခဲ့သည့် မြန်မာအသင်းသည် ယခုပွဲတွင် အမှားများနေပြီး လေးရက်ဆက်ကစားရခြင်းကြောင့်လည်း ကစားသမားများ ပွဲပန်းနေကာ မျှော်လင့်သလိုမဖြစ်ခဲ့ပေ။ အင်ဒိုနီးရှားအသင်းသည် ပထမပိုင်းတွင် သုံးဂိုး၊ ဒုတိယပိုင်းတွင် လေးဂိုး သွင်းယူခဲ့ခြင်းဖြစ်သည်။

## ယှဉ်ပြိုင်ကစားမည်

အုပ်စုစတုတ္ထနေ့အပြီးတွင် ထိုင်းနှင့် ဗီယက်နမ်အသင်းက သုံးပွဲကစား ကိုးမှတ်စီဖြင့် ဗိုလ်လုပွဲတက်ရောက်ခွင့်ရသွားပြီး အင်ဒိုနီးရှားအသင်းက သုံးပွဲကစား သုံးမှတ်ဖြင့် တတိယလုပွဲကစားခွင့်ရရှိခဲ့သည်။ မြန်မာအသင်းက ပွဲကုန်လေးပွဲကစား တစ်မှတ်၊ ဖိလစ်ပိုင်အသင်းက သုံးပွဲကစား တစ်မှတ် ရရှိထားသည်။ ဂိုးကွာခြားချက်တွင် အသာရထားသည့် မြန်မာအသင်းသည် နောက်ဆုံးပွဲတွင် အိမ်ရှင်ဖိလစ်ပိုင်အသင်း အင်ဒိုနီးရှားကို အရေးနိမ့်မှသာ တတိယလုပွဲ ကစားခွင့်ရမည်ဖြစ်သည်။ အုပ်စုနောက်ဆုံးနေ့ကို နိုဝင်ဘာ ၂၀ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်ပြီး ထိုင်းနှင့် ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။


သတင်း-ကိုညီလေး
ဓာတ်ပုံ-MFF

# MNL ယူ-၂၀ ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း သရေကျသဖြင့် ချန်ပီယံအသင်း မထွက်ပေါ်သေး

ရန်ကုန် နိုဝင်ဘာ ၁၉

၂၀၂၄ ရာသီ MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၂၄) ပထမနေ့ကို နိုဝင်ဘာ ၁၉ ရက်ကကျင်းပရာ ရှမ်းယူနိုက်တက်အသင်းသည် သရေကျသဖြင့် ချန်ပီယံအသင်း ထွက်ပေါ်လာခြင်းမရှိသေးဘဲ လာမည့်ပွဲများ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

စလင်းကွင်း၌ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း တစ်ဂိုးစီသရေကျခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲအနိုင်ရပါက လက်ကျန်နှစ်ပွဲ စောင့်ဆိုင်းစရာမလိုဘဲ ချန်ပီယံဖြစ်ခွင့်ရမည်ဖြစ်သော်လည်း သရေကျသဖြင့် လာမည့်ပွဲများကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ၃၄ မိနစ်တွင် ထက်မြတ်လွင် သွင်းယူသည့်ဂိုးဖြင့် ဦးဆောင်နိုင်သော်လည်း ၇၄ မိနစ်တွင် ရဲရင့်အောင်က ရတနာပုံအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သဖြင့် တစ်ဂိုးစီသရေကျခဲ့ခြင်းဖြစ်သည်။ တောင်ဒဂုံကွင်း၌ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်း ဂိုးမရှိသရေကျခဲ့သည်။ ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် ရခိုင်ယူနိုက်တက်အသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။



ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း ယှဉ်ပြိုင်နေစဉ်။

ပွဲစဉ် (၂၄) ဒုတိယနေ့ကို နိုဝင်ဘာ ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး စလင်းကွင်း၌ Junior Lions အသင်းနှင့် Dagon Port အသင်း၊ ပဒုမ္မာကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း၊ တောင်ဒဂုံကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MNL

## ပြင်ဆင် ဖတ်ရှုပါရန်

နိုဝင်ဘာလ ၁၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၂၀)တွင် ဖော်ပြခဲ့သော ကရင်ပြည်နယ်အတွင်း မိုးစပါးစံကွက်ပေါင်း ၃၂၄၀ ရိတ်သိမ်းမည် အစား မိုးစပါးစံကွက်ပေါင်း ၁၀၅၃ ရိတ်သိမ်းမည်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၁၉

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "အကြမ်းဖက်သမားတွေရဲ့လက်သုံးစကား ဒလန်ဆိုတဲ့ခေါင်းစဉ်အောက်မှာ အပြစ်မဲ့ပြည်သူများ သတ်ဖြတ်ခံနေရ" ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "အကြမ်းဖက်သောင်းကျန်းသူများနယ်မြေမှာ ရိုးရာပွဲတော်များပပျောက်နေ" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၄ ခုနှစ် နိုဝင်ဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၉

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် "ပြည်တွင်းစားသုံးဆီဖူလုံဖို့ နေကြာသီးနှံတိုးစိုက်စို့" မျက်နှာဖုံးဆောင်းပါးကြီးများပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (နိုဝင်ဘာလ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင်တွင် ဒေါက်တာခင်မောင်ညို၊ K.M.A တို့၏ "ပြည်တွင်းစားသုံးဆီဖူလုံဖို့ နေကြာသီးနှံတိုးစိုက်စို့" မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ (ပညာရေး)၊ ညီညီဖေ၊ ညီမော်သိမ်း၊ နေသူရိန်၊ စန်းနီလာဝင်း၊ ကိုဇော်ဌေး (ယဉ်ကျေးမှု)၊ မြသာဝင်း၊ ထက်ဝေအောင် (စစ်ကိုင်း) တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ အေးထွန်းမင်း၊ ဝင်းထွဋ်ဦး တို့၏ နိုင်ငံတကာဆိုင်ရာဆောင်းပါးများ၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်) ၏ စီးပွားရေးဆိုင်ရာဆောင်းပါး၊ မောင်ခင်ညို (မန်းတက္ကသိုလ်)၊ နွေကံ့ကော် (မြို့လှ) တို့၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာဆောင်းပါးများ၊ သန့်လွင်ထွန်း (MPA) ၏ ကလေးစစ်သား ပပျောက်ရေးဆိုင်ရာ ဆောင်းပါး၊ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၏ အကြမ်းဖက်မှုဆိုင်ရာ ဆောင်းပါး၊ မြသိန်း၊ ကိုကိုအောင် (အလုပ်သမား) တို့၏ မူးယစ်ဆေးဝါးဆိုင်ရာ ဆောင်းပါးများ၊ ဒေါက်တာကောင်းစံ၏ လူကုန်ကူးမှုဆိုင်ရာဆောင်းပါး၊ ဒေါက်တာမြင့်သန်း၊ မြသဲ (သုတေသန)တို့၏ ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ စိန်ငင်းမော်၊ စိုးစိုး (ပန်းတောင်း)၊ ခင်မောင်အေး၊ ဆောင်းဝင်းလတ်၊ ဒေါက်တာလွင်သန့်၊ မော် (သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်စာအုပ်ဆိုင် ဖုန်း-၀၉-၄၄၉၅၄၀၆၆၇၊ ဖုန်း- ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း- ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း- ၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

**ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နွမ်ဂျာသိုင်း၏ “တစ်ခါတုန်းက တက္ကသိုလ်မှာ” အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။**

**(၁၈-၁၁-၂၀၂၄ ရက်နေ့မှအဆက်)**

(၁)

နောက်ဘက်မှ ခေါ်သံကြားရ၍ ဖျတ်ခနဲလှည့်ကြည့်သည်။

ကျွန်တော်တို့ မြန်မာစာဌာနမှ ကျောင်းသားဖြစ်၍ အနုပညာအသင်းဝင် မြန်မာစာအသင်းအမှုဆောင်အဖွဲ့ဝင် ကိုတင်မောင်ငွေးဖြစ်၏။ သူက ရပ်စောင့်ရန် လက်ပြသဖြင့် ကျွန်တော် လမ်းမလယ်မှ နေ၍ ဘေးဘက်အုတ်တိုင်နားတွင် ဝင်ရပ်လိုက်သည်။

“ဆို . . . ကိုငွေး”

ကိုတင်မောင်ငွေးက သူ့အကျင့်အတိုင်း ကော်ကိုင်းမျက်မှန်နက်ကို လက်ဖြင့်ပင့်တင်လိုက်ရင်း - “မင်းမှာ ကဗျာရေးပြီးသားတွေရှိလား”

ကျွန်တော်က ခေါင်းညိတ်ပြသည်။

“ရှိတယ် ကိုငွေး၊ ဘာဖြစ်လို့လဲ”

“ဒါဖြင့် ငါ့ကို တစ်ပုဒ်ပေးစမ်းကွာ။ တို့မြန်မာစာအသင်းက စာအုပ်လေးတစ်အုပ် စုထုတ်မလို့။ အဲဒါ မင်းကိုသတိရတာနဲ့”

သူ့စကားကြောင့် ရင်ထဲ ဝမ်းသာသလိုလိုဖြစ်သွား၏။ ဘာပြောပြော ကဗျာလေးစာလေး ရေးစပြုနေသော သူ့အတွက် ကဗျာသမား၊ စာသမားအချင်းချင်း ဂရုစိုက်ခံရခြင်းသည် အတော်ကြည်နူးစရာဖြစ်ပါသည်။

“ဘာအကြောင်းအရာမျိုးလိုချင်လို့လဲ”

သူက တစ်ချက်စဉ်းစားဟန်ပြုပြီး -

“ဘာဖြစ်ဖြစ်ပေါ့ကွာ၊ မင်းကြိုက်တာပေါ့”

ကျွန်တော့်စိတ်ထဲတွင် တစ်ပုဒ်သော ကဗျာကို ပြေးသတိရမိသည်။ ကျွန်တော့်ကဗျာ တော်တော်များများမှာ အချစ်နှင့် ပတ်သက်သော ခံစားမှုများဖြစ်သည်။ သည်ထဲမှ ထူးထူးခြားခြား ဘဝအမြင်လေး တစ်ခုကိုရေးထားခဲ့မိသည့် ကဗျာလေးကို အမှတ်ရသည်။

ထို့ကြောင့် လွယ်အိတ်ထဲမှ ကဗျာများစုပြီး ရေးထားသောစာအုပ်ကိုထုတ်လိုက်ပြီး ကျွန်တော်လိုချင်သော စာမျက်နှာကိုဖွင့်၍ ပေးလိုက်သည်။ ကိုငွေးက ခပ်ကြမ်းကြမ်း ဖတ်လိုက်ပြီး -

“အရှိ . . . တို့ ဆိုပါလား။ ကောင်းတယ်ဟေ့၊ အဲဒါလေးပေး”

“ဖြုတ်ယူလိုက် ကိုငွေး၊ ကျွန်တော့်မှာ လက်ခံရှိပါတယ်။ ဒါနဲ့ ဘယ်တော့လောက်ထွက်မလဲ”

ကိုငွေးက မျက်မှောင်ကြုတ်ရင်း -

“အားချင်းချမယ်ကွ၊ ကျောင်းဖွင့်ဖွင့်ချင်း ထွက်အောင်လုပ်မလို့။ ကျောင်းက နောက်အပတ်ထဲ ပိတ်တော့မှာမို့ ကမန်းကတန်း စုဆောင်းနေရတာ။ ဒီကြားထဲ ‘အ’ သုံးလုံးကလည်း လိုက်ရဦးမယ်။ မင်းကော . . .”

“ကျွန်တော်ကတော့ အခြေအနေအရပဲ ကိုငွေး။ ကျွန်တော့်မှာ အရေးကြီးတဲ့ ပြဿနာတစ်ခုရှိနေတယ်”

ကိုတင်မောင်ငွေးက ပြုံး၍

“မိန်းမခိုးဖို့တော့ မဟုတ်ပါဘူးနော်”

ကျွန်တော် ကိုယ့်အဓိပ္ပာယ်နှင့်ကိုယ် ပြုံးလိုက်၏။ အင်း . . .တွေးပုံကတော့ အံကိုက်ပဲဟု တွေးလိုက်သည်။

“ဒီလိုပေါ့ ကိုငွေးရာ၊ ကဲ . . . ကျွန်တော်သွားမယ်”

ကိုတင်မောင်ငွေးက ပြုံး၍ ခေါင်းညိတ်ပြသည်။ ပြီးမှ စပ်ဖြီးဖြီးလုပ်၍ -

“ဘယ်လဲကွ၊ ဓာတုကလျာလေးဆီလား”

ကျွန်တော် ရယ်ရင်းခေါင်းညိတ်ပြလိုက်သည်။ ဓာတုဗေဒ အဓိကယူထားသော ခင်လေးနှင့် ကဗျာရေးသော ကျွန်တော်တို့ နှစ်ယောက်စလုံးနှင့် အကျုံးဝင်အောင်ပေးလိုက်သော နာမည်ဟုထင်သည်။

**“သူ့စကားကြောင့် ရင်ထဲ ဝမ်းသာသလိုလိုဖြစ်သွား၏။ ဘာပြောပြော ကဗျာလေးစာလေး ရေးစပြုနေသော သူ့အတွက် ကဗျာသမား၊ စာသမားအချင်းချင်း ဂရုစိုက်ခံရခြင်းသည် အတော်ကြည်နူးစရာဖြစ်။ ကျွန်တော့်စိတ်ထဲတွင် တစ်ပုဒ်သောကဗျာကို ပြေးသတိရမိသည်။ ကျွန်တော့်ကဗျာ တော်တော်များများမှာ အချစ်နှင့်ပတ်သက်သော ခံစားမှုများဖြစ်သည်။ သည်ထဲမှ ထူးထူးခြားခြား ဘဝအမြင်လေးတစ်ခုကို ရေးထားခဲ့မိသည့် ကဗျာလေးကို အမှတ်ရ”**




ကျွန်တော် အလွန်သဘောကျသွား၏။

သည်အမည်လေးကို ခင်လေးနှင့်တွေ့လျှင် ပြောပြမည်ဟု စိတ်ကူးထားလိုက်သည်။

ရာမည၊ တောင်ငူ ပေါင်းကူးစင်္ကြံလေးအတိုင်းသွား၍ တောင်ငူဆောင်နောက်ပေါက်အနီးမှ အောက်ဘက်ဆင်းပြီး တွေ့နေကျ ခုံတန်းလျားဆီ လျှောက်လာခဲ့၏။

တောင်ငူဆောင်ကို ချိုးကွေ့လိုက်သောအခါ ခင်လေးနှင့် မဖြူသည် ကျွန်တော်လာသည့်ဘက်ကို ကြည့်နေရာက ကျွန်တော့်ကိုမြင်လိုက်မှ စိတ်သက်သာသွားသော အမူအရာများဖြစ်သွားသည်။

ခင်လေးမျက်နှာမှာ စူအောင့်အောင့်ဖြစ်နေပြီး ကျွန်တော်ရောက်သွားသောအခါ ဆီး၍ရန်တွေ့သည်။

“တကတဲ သူကလည်း ဘယ်သွားနေလဲမသိဘူး။ အရေးကြီးလို့ စောင့်နေကာမှ”

သူ့မျက်နှာပေါ်တွင် တကယ်အရေးကြီးသောဟန် ပေါ်နေသည့်အပြင် သူ့စကားကြောင့် ကျွန်တော့်ရင်ထဲ ထိတ်ခနဲဖြစ်သွား၏။ အရေးကြီးပြီဆိုသော စကားသည် ကျွန်တော် အထိတ်လန့်ဆုံးစကား။ ထို့ကြောင့် ပျာပျာသလဲ -

“ဘယ်လို . . . အရေးကြီးတယ်ဟုတ်လား ခင်လေး။ ဘာဖြစ်လို့လဲ၊ ဘာပြဿနာတက်လာလို့လဲ”

“ပြဿနာကတော့ အကြီးအကျယ်ပြဿနာပဲ။ ဘာလုပ်ရမယ်မှန်းတောင် မသိတော့ဘူး”

သူက ခေါင်းကုတ်ရင်း ပြောသည်။ သူ့မျက်နှာမကောင်း၊ မဖြူမျက်နှာလှမ်းကြည့်ပြန်တော့လည်း စိတ်မသက်မသာ ဖြစ်နေသည့်ပုံ။ ကျွန်တော် ရင်ပူလာသည်။

“ဘာဖြစ်လို့လဲ ခင်လေး၊ ကိုယ်တို့ကိစ္စကို အိမ်က သိသွားလို့လား။ ဒါမှမဟုတ် ကိုကိုလတ်က ဝင်ရှုပ်ပြန်ပြီလား။ ဒုက္ခပါပဲ ခင်လေးရယ်၊ ခင်လေး ကျောင်းပြန်တက်ခွင့်မရရင်တော့ ခက်ပြီ”

ကျွန်တော့်စကားကို သူ မျက်မှောင်ကြုတ်၍ ခေါင်းခါသည်။ “မဟုတ်ပါဘူး၊ အိမ်ကြောင့်မဟုတ်ပါဘူး။ ကိုကိုလတ်နဲ့လည်း မဆိုင်ပါဘူး”

သီးခြားပြဿနာတစ်ခုကို ကျွန်တော်စဉ်းစားသည်။ လုံးဝအစရှာမရ။

“ဒါဖြင့် ဘာပြဿနာလဲ ခင်လေး”

“ခင်လေးကလည်း သေသေချာချာ ရှင်းပြလိုက်ပါလား”

မနေနိုင်သော မဖြူက ဝင်ပြောသည်။

“ခင်လေးတို့ ဒီနေ့ ဗေဒင်သွားမေးတယ်။ အဲဒါ ခင်လေးနဲ့ ကိုကို့အကြောင်းတွေ အများကြီးဟောလိုက်တယ်”

ရော် . . . အဲဒါမှ ပြဿနာပဲ။ မြွေပူရာတော့ ကင်းဝင်မှောင့်ချေပြီ။ ဒီမှာ ကိုယ့်ပြဿနာနဲ့ကိုယ် လုံးချာလိုက်နေရသည့်အထဲ အပိုဆုကထပ်လောင်းလာပြန်ပြီ။

“ဟာ . . . ဒါ ပြဿနာမှမဟုတ်ဘဲ ခင်လေးရာ၊ ခင်လေးတို့ကလည်း ဆတ်ဆတ်ဆော့ဆော့ ဘာတွေလျှောက်လုပ်ရတာလဲ။ အဲဒါတွေ ကိုယ်အယုံအကြည်မရှိဘူး”

ခင်လေး ကျွန်တော့်ကို ဖျတ်ခနဲလှည့်ကြည့်သည်။ ကျွန်တော့်စကားကို သူ သိပ်ကျေနပ်ပုံမပေါ်။

“ဩော် . . . ကိုကိုကတော့ ဘယ်ယုံမလဲ။ ဟိုက ကိုကို့အကြောင်းတွေ အကုန်လုံးပြောလိုက်တာကိုး”

ကျွန်တော့်နဖူးကို ကျွန်တော် လက်ဖမိုးနှင့် ရိုက်လိုက်မိ၏။

“ဟာ ... မဟုတ်တာ ခင်လေးကလည်း၊ ကဲပါ ထားပါဦး၊ ခင်လေးကို ဘယ်သူက ဘယ်လိုဟောလိုက်လို့လဲ”

ခင်လေး ကျွန်တော့်ကို သေသေချာချာကြည့်သည်။ သူ့အကြည့်မှာ သံသယမကင်း။

“ကိုကို့မှာ အချစ်ဦးရှိတယ်ဆို”

“အင်း”

သူ့အမေးကို ကျွန်တော် နားမလည်သလို အင်း လိုက်လိုက်၏။

“ကဲ. . . တွေ့လား မဖြူ ဟုတ်တယ်တဲ့။ ဘယ်လောက်မှန်လဲ။ တော်ပြီ၊ ဒါဆို ခင်လေး ကိုကို့ကို မချစ်တော့ဘူး။ ခင်လေးက ကိုယ့်ချစ်သူဟာ ကိုယ့်တစ်ယောက်တည်းပဲ ချစ်တယ်ထင်တာ”

“ခင်လေး ဘာတွေလျှောက်ပြောနေတာလဲ။ ကိုယ့်မှာ အချစ်ဦးရှိတယ်ဆိုတာ ခင်လေးကိုပြောတာ။ ခင်လေးက ကိုယ့်အချစ်ဦးမဟုတ်လို့ ဘာလဲ”

“မဟုတ်ပါဘူး၊ ခုမှ ကိုကို စကားလျှောမချပါနဲ့။ ခင်လေးပြောတဲ့ အချစ်ဦးဆိုတာ ဒါမဟုတ်ပါဘူး။ ခင်လေးအရင် အချစ်ဦးကို ပြောတာ။ ဗေဒင်က သေသေချာချာပြောတာ၊ ရှိကိုရှိတယ်တဲ့” ကျွန်တော် စိတ်ထဲတွင် မအီမလည်ကြီးဖြစ်သွားပြီး -

“ဟာ . . .မဟုတ်တာ ခင်လေးကလည်း၊ ကိုယ့်မှာ ဘာမှမရှိပါဘူး။ ပေါ်ဦး သိပါတယ်၊ မယုံရင် သူ့မေးကြည့်”

“အစ်ကို့ကိုလည်း မယုံဘူး။ ယောကျာ်းလေး အချင်းချင်းပဲဟာ၊ ခင်လေးတို့ကို အမှန်တော့ ဘယ်ပြောမလဲ”

ခက်ပြီဟု ထင်လိုက်၏။ စိတ်ထဲ၌ ရှုပ်ထွေးသွားသည်။

“ကဲ . . . ဒီလိုဆို မခက်ဘူးလား ခင်လေး။ ကိုယ်မဖြစ်ခဲ့၊ မရှိခဲ့ဖူးတဲ့ ကိစ္စကို အတင်းကာရော စွပ်စွဲနေတော့ မခက်ဘူးလား”

ခင်လေး တွေသွားသည်။ ပြီးမှ ခေါင်းဆတ်၍ -

“ဒါဖြင့်လည်း ထားပါတော့၊ ကိုကို ခင်လေးကို မညာရင်ပြီးတာပဲ။ ဒါပေမဲ့ သူဟောလိုက်တဲ့အထဲမှာ ခင်လေးနဲ့ ကိုကို ယူလို့ဖြစ်မှာမဟုတ်ဘူးတဲ့”

“အဲ . . . လုပ်ပြန်ပြီ”

“မလုပ်နဲ့ ကိုကို၊ သူက သေချာပြောတာ။ ခင်လေးနဲ့ကိုကို ယူရင် သိပ်ဒုက္ခရောက်မှာတဲ့။ ပြီးတော့ ခင်လေးက ဘီလူးနက္ခတ်၊ ကိုကိုက လူနက္ခတ်တဲ့။ ကိုကို့မှာ အန္တရာယ်ရှိတယ်တဲ့”

ကျွန်တော့်စိတ်ထဲ အတော်ဒေါကန်လာသည်။ ဒီကိစ္စကို ပြတ်အောင်ပြောလျှင် ပိုကောင်းမည်ဟု တွေးမိသဖြင့် -

“ခင်လေး ဘာတွေညာတွေ လျှောက်ပြောမနေနဲ့။ အဲဒါတွေကို ကိုယ်လုံးဝမသိဘူး။ ခင်လေးနဲ့ကိုယ်ယူလို့ အန္တရာယ်ရှိရင်လည်း သေချင်သေသွားပါစေ။ ဘာမဟုတ်ညာမဟုတ်နဲ့ ဒီအတိုင်းကြီး ကွဲမှာထက်စာရင် ကိုယ့်အစွမ်းအစရှိသလောက် ကိုယ်ကြိုးစားမယ်။ ကျန်တာတော့ ခင်လေးသဘောပဲ”

ကျွန်တော့်စကားကြောင့် ခင်လေးရော မဖြူပါ ကျွန်တော့်ကို စိုက်ကြည့်နေကြသည်။ အတန်ကြာမှ ခင်လေး စကားစသည်။

“ခင်လေးလေ ကိုကိုတစ်ခုခုဖြစ်မှာ သိပ်စိုးရိမ်တာပဲ”

ကျွန်တော် ရယ်လိုက်သည်။ အဓိပ္ပာယ်မဲ့ စိုးရိမ်တတ်သော သူ့ကို ပြုံး၍ကြည့်ရင်း -

“မဖြစ်ပါဘူး ခင်လေးရယ်၊ ကဲပါ . . . ဒါတွေ ထားလိုက်ပါတော့။ ခင်လေးကို ကိုယ်တစ်ခုပြောမလို့လာခဲ့တာ။ ကိုယ် စနေနေ့ကျရင် ရွာခဏပြန်မယ်။ အမေ့ကို အကျိုးအကြောင်းပြောပြမလို့”

သူ ကျွန်တော့်ကို တွေငေးငေးကြည့်သည်။ ပြီးတော့ ခေါင်းညိတ်သည်။ ကျွန်တော်တို့နှစ်ယောက်ကြားတွင် တခြားဘာပြဿနာရှိသနည်းဟု ကျွန်တော်စဉ်းစားသလို သူစဉ်းစားနေပြီလား မဆိုနိုင်။ သည်နေ့ ကြာသပတေးနေ့။

* * * * *

(၂)

သည်နေ့ သောကြာနေ့ ။

“မင်းကဗျာလေး ကောင်းတယ်ကွ ထွန်းဝေ။ မနေ့က ကိုငွေး ငါ့ကိုလာပေးတော့ ငါဖတ်ကြည့်လိုက်တယ်။ ငါ့လူက တယ်ပြီးအယူအဆမှာ တိုးတက်တာပဲ”

ဆရာ့ချီးမွမ်းစကားကို ကျွန်တော်ပြုံး၍ လက်ခံနေလိုက်၏။ ဆရာ့စကားကြောင့် ကျွန်တော့်ရင်ထဲ ကျေနပ်အားတက်သွားသည်။

**(ဆက်လက်ဖော်ပြပါမည်)**

စာရေးဆရာ နွမ်ဂျာသိုင်း၏ “တစ်ခါတုန်းက တက္ကသိုလ်မှာ” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လူငယ်များအနေဖြင့် ဘဝတွင် အောင်မြင်တိုးတက်ရန်အတွက် စည်းကမ်းရှိရန်၊ ဥပဒေများကို လေးစားလိုက်နာတတ်ရန်လည်းလို...**

❖ **နိုင်ငံတော်ကချမှတ်ထားသည့် စည်းကမ်းများ၊ ဥပဒေများကို လေးစားလိုက်နာမှသာ အပြစ်အနာအဆာကင်းပြီး တန်ဖိုးရှိသည့် နိုင်ငံသားကောင်းများအဖြစ် နိုင်ငံကို အကျိုးပြုနိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် စိစစ်တွေ့ရှိရသည့် "မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများ" ကို Website နှင့် Mobile Application တို့တွင် လေ့လာဖတ်ရှုနိုင်မည်

**နေပြည်တော် နိုဝင်ဘာ ၁၉**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် **"မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများ"** အပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များနှင့်စပ်လျဉ်း၍ ပြည်တွင်း၊ ပြည်ပမှ လေ့လာလိုသူများအနေဖြင့် Website နှင့် Mobile Application တို့တွင် နိုဝင်ဘာ ၂၂ ရက်မှစတင်၍ လေ့လာဖတ်ရှုနိုင်မည်ဖြစ်သည်။

အဆိုပါ Website နှင့် Mobile Application တို့တွင် ရွေးကောက်ပွဲအကြိုကာလ၌ ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့မှုများ၊ ရွေးကောက်ပွဲကာလတွင် ဆောင်ရွက်ခဲ့မှုများ၊ ရွေးကောက်ပွဲအလွန်ကာလ ဖြစ်စဉ်များ၊ မြန်မာနိုင်ငံတစ်ဝန်းလုံး ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ်၏ မဲစာရင်းစိစစ်ခြင်းနှင့် မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံးအပေါ် ခြုံငုံစစ်ဆေးတွေ့ရှိချက်၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်များကို ပယ်ဖျက်ခြင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပေါ် သုံးသပ်ချက်၊ မှတ်တမ်းဓာတ်ပုံများ စသည်ဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များကို တစ်နေရာတည်းတွင် ကဏ္ဍစုံလင်စွာ လေ့လာဖတ်ရှုနိုင်မည်ဖြစ်သည်။

ထို့ပြင် မြန်မာ၊ အင်္ဂလိပ်၊ တရုတ်၊ ရုရှား၊ ဂျပန် စသည့် ဘာသာစကား(၅)မျိုးဖြင့် လွှင့်တင်မည်ဖြစ်ရာ လေ့လာဖတ်ရှုလိုသူများသည် https://2020election.uec.gov.mm တွင်လည်းကောင်း၊ Mobile Application ကို အဆိုပါ Website တွင် Download ရယူ၍လည်းကောင်း လေ့လာဖတ်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် စိစစ်တွေ့ရှိရသည့် "မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများ"ကို https://2020election.uec.gov.mm Website နှင့် အဆိုပါ Website တွင် Download ရယူထားသည့် Mobile Application တို့တွင် လေ့လာဖတ်ရှုနိုင်မည်။**




## နာကျင်အချိန်ပိုပင်နယ်တီသွင်းဂိုးနဲ့ ဆွစ်ဇာလန်အသင်းကို စပိန်အသင်း အနိုင်ရရှိ


စပိန်အသင်းနှင့် ဆွစ်ဇာလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

စပိန်အသင်းနဲ့ ဆွစ်ဇာလန်အသင်းတို့ နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူအီးအက်ဖ်အေ နေးရှင်းလိဂ်ပွဲစဉ်မှာ စပိန်အသင်းက နာကျင်အချိန်ပိုမှာရရှိခဲ့တဲ့ ပင်နယ်တီသွင်းဂိုးနဲ့ ဆွစ်ဇာလန်အသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

စပိန်အသင်းနဲ့ ဆွစ်ဇာလန်အသင်းတို့ပွဲစဉ်မှာ စပိန်အသင်းဟာ ပွဲကစားချိန် ၃၂ မိနစ်တွင် **စာမျက်နှာ ၁၈ ကော်လံ ၄ သို့** ✪